မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၄၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မန္တလေးမြို့ မဟာဝိစိတာရုံကျောင်း စတုတ္ထအကြိမ် အလှူတော်မင်္ဂလာပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဦးအောင်သောင်းတို့ တက်ရောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးမြို့ မဟာဝိစိတာရုံ ကျောင်းတိုက် စတုတ္ထအကြိမ် အလှူတော်မင်္ဂလာအခမ်းအနား၌ ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (စက်မှု-၁)

နေပြည်တော် စက်တင်ဘာ ၁၁

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်ရှိ မဟာဝိစိတာရုံကျောင်းတိုက်သို့ စတုတ္ထအကြိမ် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာ့ဟိတကာရီကျောင်းတိုက် ဓမ္မဗိမာန်တော်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များ တက်ရောက်ကြသည်။

သီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဩဝါဒ

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ရွှေကျင်သာသနာပိုင် သက်တော်ရှည်ဝါဆိုဆရာတော်ကြီးက ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား တိုင်းမှူး၊ ဝန်ကြီး၊ မန္တလေးမြို့တော်ဝန်နှင့် အလှူရှင်များက သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ■

တနင်္သာရီတိုင်း ရေထွက်ပစ္စည်းတိုးတက်ရေး ဆွေးနွေး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၁

တနင်္သာရီတိုင်း ပြည်ပပို့ကုန်ထုတ်လုပ်မှုတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း မြိတ်မြို့ရှိ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်းတာဝန်ခံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ပေါင်းစပ်ဆောင်ရွက်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မြိတ်မြို့ ရှမ်းကျောင်းရပ်ရှိ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်းအလုပ်အမှုဆောင်များ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အရှိန်အဟုန်မြင့် တိုးတက်ဆောင်ရွက်ရေး မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

တနင်္သာရီတိုင်း ရေထွက်ပစ္စည်း တိုးတက်ထုတ်လုပ်ရေးနှင့် ပြည်ပပို့ကုန်ထုတ်လုပ်မှု တိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ကမ်းနားလမ်းရှိ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်အမှာစကားပြောကြားကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း

အင်တာနက်ဖောင်ပိတ်သတင်းနှင့် ကမ္ဘာတစ်လွှား အားကစား အညွှန်း

ဂျာမနီကို အာဂျင်တီးနားတို့ ၁၁ ဂိုးရှုံးနိမ့် ၂၀၀၇ ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ တရုတ်၌ကျင်းပ

ကမ္ဘာတစ်လွှားအားကစား (စာ-၁၃)

ဝင်ငွေနည်း မိသားစုတစ်စုလျှင် လစဉ် ဝမ် ၅၀၀၀၀ ထောက်ပံ့မည့် တောင်ကိုရီးယားအလှမယ်

အင်တာနက်ဖောင်ပိတ်သတင်း (စာ - ၈)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်)

ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုမည့် မော်လမြိုင်–ရေး–မော်လမြိုင် လွှန်းပြန်ရထားပြေးဆွဲ

ပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲခြင်း၊ ရထားစင်းရေတိုးချဲ့ပြေးဆွဲခြင်းနှင့် ရထားလမ်းများကြံ့ခိုင်ကောင်းမွန်နေစေရန် ပြုပြင်ခြင်းလုပ်ငန်းများ စသည်ဖြင့် မြန်မာ့မီးရထားက ဖော်ဆောင်ပေးလျက်ရှိသည်။

မော်လမြိုင်–ရေး–မော်လမြိုင် လွှန်းပြန်အမြန်ရထား စတင်ပြေးဆွဲခြင်း အခမ်းအနားကို စက်တင်ဘာလ ၉ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ ပြေးဆွဲသည့် ခရီးအရှည်မှာ မော်လမြိုင်ဘူတာနှင့် ရေးဘူတာအကြား မိုင် ၉၀ ရှိသည်။

မော်လမြိုင်–ရေး–မော်လမြိုင် လွှန်းပြန်အမြန်ရထားသည် လမ်းတစ်လျှောက်ရှိ သရက်ကုန်း၊ မိန်ဂဒိမ်း၊ မုဒုံ၊ ကမာဝက်၊ သံဖြူဇရပ်၊ ပင၊ ကရုပ္ပိ၊ ထင်းရှူး၊ အနင်း၊ နှစ်ကရင်၊ လမိုင်း၊ တောင်ဘုံ၊ ပလိုင်းကီး ဘူတာများ၌ ခေတ္တရပ်နားပြီး ဖြတ်သန်းခုတ်မောင်းမည် ဖြစ်သည်။

ယင်းကဲ့သို့ အမြန်ရထားပြေးဆွဲပေးနိုင်မှုကြောင့် ရထားလမ်းတစ်လျှောက်ရှိ မြို့ရွာများမှ ခရီးသည်နှင့် ကုန်စည်များ လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်ကြမည် ဖြစ်သည်။

မြန်မာ့မီးရထားသည် ၁၉၈၈ခုနှစ်မတိုင်မီက လူစီးရထား ၂၂၉စင်း၊ ကုန်ရထား ၁၇စင်းဖြင့်သာ ပြေးဆွဲနေခဲ့ရာမှ ယခုအခါ လူစီးရထား၃၇၉စင်းနှင့် ကုန်ရထား၁၈စင်းအထိ တိုးချဲ့ပြေးဆွဲနိုင်ခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် ပြည်ထောင်စုတစ်ဝန်း ရထားလမ်းကွန်ရက်များ ဖြန့်ကြက်တည်ဆောက်ပေးခြင်းနှင့် ခရီးစဉ်သစ်များ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ဒေသတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ် ၉/၈၇၊ အောက် မင်္ဂလာဒုံလမ်း တညင်းကုန်းနေ ဦးခိုင်–ဒေါ်သွယ်၊ သားသမီးတစ်စုတို့က အလှူငွေကျပ်နှစ်သိန်းခုနစ်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်အေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်တေဇိန္ဒ (M.A) တာဝန်ခံထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၂–၉–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ် ချိုနှားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၅ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ လှပ်လှပ်ရှားရှား ပုံရိပ်များ
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း–၃၂)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ English Usage
၁၉။ ဗွီစီဒီကျော်ကြား တေးများ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း–၂၅)

၁၃–၉–၂၀၀၇

၁း၂၀ EURO-2008 **ခြေစစ်ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်** England Vs Russia (Live)

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းအတွက် ပစ္စည်းများဝယ်ယူရန်

ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ



ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်သော Hydraulic Steel Structure, Electrical & Mechanical Equipmentများ ဝယ်ယူရန်အတွက် နှစ်ဖက်သဘောတူညီချက် ကန်ထရိုက်စာချုပ်ကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် (C.G.G.C) မှ Chief Engineer, Mr. Wang Yimin တို့ လက်မှတ်ရေးထိုးကြစဉ်။ (အမှတ်–၁ လျှပ်စစ်)

နေပြည်တော် စက်တင်ဘာ ၁၁

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Gezhouba Water & Power (Group) Co.,Ltd.(C.G.G.C)တို့ ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်သော Hydraulic Steel Structure, Electrical & Mechanical Equipmentများ ဝယ်ယူရန်အတွက် ကန်ထရိုက် စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက် ညနေ ၆နာရီခွဲက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ China Gezhouba Water & Power (Group) Co.,Ltd.(C.G.G.C) မှ Vice Director Mr.Jiang Xiaobing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Gezhouba Water & Power (Group) Co.,Ltd. (C.G.G.C)မှ Vice Director Mr. Jiang Xiaobing တို့က အမှာစကား ပြောကြားကြသည်။

အပြန်အလှန်လဲလှယ်

ယင်းနောက် နှစ်ဖက်သဘောတူညီချက် ကန်ထရိုက်စာချုပ်ကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် (C.G. G.C) မှ Chief Engineer, Mr. Wang Yimin တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယနေ့ လက်မှတ်ရေးထိုးသော စာချုပ်မှာ ပဲခူးတိုင်း ရွှေကျင်မြို့၏အရှေ့မြောက်ဘက် ခြောက်မိုင်ခန့် အကွာ ကျောက်နဂါးရွာအနီး၌ တည်ဆောက် အကောင်အထည် ဖော်လျက်ရှိသော ရွှေကျင် ရေအားလျှပ်စစ် စီမံကိန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး အတွက် လိုအပ်သည့် Hydraulic Steel Structure, Electrical & Mechanical Equipment များ ဝယ်ယူရန်အတွက် စာချုပ်ချုပ်ဆိုခြင်း ဖြစ်သည်။

ထုတ်လုပ်ဖြန့်ဖြူးပေးမည်

အဆိုပါ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အားစုစုပေါင်း၇၅မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၂၆၂ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်းလေးကန်ရေဝေရေလဲဒေသ ရေရှည်တည်တံ့ရေး တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး သစ်ပင်များစိုက်ပျိုးရန် ဝေငှ

ရန်ကုန် စက်တင်ဘာ ၁၁

သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် အင်းလေးကန်ရေဝေရေလဲဒေသ ရေရှည်တည်တံ့စေရန်ရည်ရွယ်လျက် ၂၀၀၇ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၃၁ ရက်က တောင်ကြီးမြို့ မီးပုံးပျံကွင်းသစ်ကြီး အရှေ့ဘက်တွင်ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား စိုက်ပျိုးမည့်သစ်ပင်များကို ဝေငှပေးအပ်ကြောင်း သိရသည်။ **(ဝဲပုံ)** **(ခရိုင် ပြန်/ဆက်)**

■ **ရှေ့ဖုံးမှ**

စာအုန်းဆီများလှူဒါန်း

ယင်းနောက် မန္တလေးခရိုင်အတွင်းရှိ ကျောင်းတိုက်များအလိုက် လှူဒါန်းမည့် စားအုန်းဆီများမှာ အောင်မြေသာစံမြို့နယ်မှ ကျောင်းတိုက်ပေါင်း ၃၁ ကျောင်းသို့ ဆီပိဿာ ၁၅၅၀၊ ချမ်းအေးသာစံ မြို့နယ်မှ ကျောင်းတိုက်ပေါင်း ၁၇ ကျောင်းသို့ ဆီပိဿာ ၉၅၀၊ မဟာအောင်မြေမြို့နယ်မှ ကျောင်းတိုက်ပေါင်း ၁၈ ကျောင်းသို့ ဆီပိဿာ ၁၂၅၀၊ချမ်းမြသာစည်မြို့နယ်မှ ကျောင်းတိုက်ပေါင်း ၁၃ ကျောင်းသို့ ဆီပိဿာ ၈၅၀၊ ပြည်ကြီးတံခွန်မြို့နယ်မှ ကျောင်းတိုက်ပေါင်း ၁၄ ကျောင်းသို့ ဆီပိဿာ ၈၀၀၊ အမရပူရ မြို့နယ်မှ ကျောင်းတိုက်ပေါင်းရှစ်ကျောင်းသို့ ဆီပိဿာ ၅၀၀၊ ပုသိမ်ကြီးမြို့နယ်မှ ကျောင်းတိုက်တစ်ကျောင်းသို့ ဆီပိဿာ ၅၀ စုစုပေါင်း ကျောင်းတိုက် ၁၀၂ ကျောင်းသို့ ဆီပိဿာ ၅၉၅၀ ဖြစ်သည်။

ထို့နောက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ သာသနာဘိဝံထံမှ အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး တိုင်းမှူးနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွမ်းဆက်ကပ်

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၌ ကျင်းပသော အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီတို့မိသားစုနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းများက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)မှ စာချစာသင် ဆရာတော် သံဃာတော်အပါး ၄၂၀ တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးဦးအောင်သောင်းနှင့် ဝန်ထမ်းမိသားစုများက နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တပဏ္ဍိတဝရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ထို့နောက်ဝန်ကြီးဦးအောင်သောင်းက တစ်နေ့တာ ဆွမ်းအလှူတော်ငွေ ၅၂၃၇၀၄ ကျပ်ကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တနင်္သာရီတိုင်း ရေထွက်ပစ္စည်းတိုးတက်ထုတ်လုပ်ရေးနှင့် ပြည်ပပို့ကုန် ထုတ်လုပ်မှု တိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ကော်မတီက ကြီးမှူးကျင်းပမည့် စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room မြေညီထပ် တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်တွင် စက်တင်ဘာ ၁၅ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်သည်။

တက်ရောက်နိုင်

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် မြန်မာဓာတုအင်ဂျင်နီယာများအဖွဲ့(၁) ဥက္ကဋ္ဌ ဦးစိန်သောင်းဦးက ဘိုင်အိုအီသနောကို ဓာတ်ဆီအစားထိုးလောင်စာအဖြစ် အသုံးပြုရာတွင် သိရှိထားသင့်သောအချက်အလက်များစာတမ်း ခေါင်းစဉ်ကိုလည်းကောင်း၊ မြန်မာဓာတုအင်ဂျင်နီယာအဖွဲ့၏ ဘိုင်အိုအီသနောထုတ်လုပ်သုံးစွဲမှု လက်တွေ့လုပ်ဆောင်ချက်များ စာတမ်းခေါင်းစဉ်ကိုလည်းကောင်း ဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်သို့ တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

✻ **ရှေ့ဖုံးမှ**

ဆွေးနွေးတင်ပြ

ဆက်လက်၍ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်က ရေလုပ်ငန်းကဏ္ဍလျာထားချက် ပြည့်မီကျော်လွန်အောင်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ကုမ္ပဏီနှင့်လုပ်ငန်းရှင်များက တစ်ဦးချင်းထုတ်လုပ်မှုမြှင့်တင်နိုင်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မြိတ်မြို့ ကမ်းနားလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာနသုတေသနဓာတ်ခွဲခန်းတည်ဆောက် ပြီးစီးမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

တိုးမြှင့်ဆောင်ရွက်

ဝန်ကြီးသည်စက်တင်ဘာ ၁၀ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမသို့ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ရန်ကုန်အခြေစိုက် အရာထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ သတင်းထုတ်ပြန်ရေးကော်မတီကကြေညာချက်များထုတ်ပြန်ကာ အဖြစ်မှန်များကို ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်အခြေစိုက် ရုံးခွဲများအနေဖြင့် လုံခြုံရေးစီမံချက်များ တိုးမြှင့်ဆောင်ရွက်ထားရှိရေးဆိုင်ရာများကို အသေးစိတ်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးစောလွင်အောင်တို့က ဧရာဝတီမြစ်ရေ စီးဆင်းမှု၊ ပန်းတနော်ဘက် မြစ်ကမ်းပါး ကမ်းပြိုကမ်းစား ကာကွယ်ထားရှိမှုနှင့် ရေစီးလမ်း အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ် အင်းသားကျွန်းကျေးရွာ ရင်းတိုက်ကုန်းစာသင်ကျောင်း၌ ပြုလုပ်သော ရေဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

လက်ခံရယူ

ထို့နောက် ကယ်ဆယ်ရေးပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲကို ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ငွေကျပ် ၆၅ သိန်း တစ်သောင်းကို ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဦးက လက်ခံရယူသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသော ခြုံစောင် ၂၀၇ထည်အား ရဲမှူးကြီးသူရတင်လှကတောကျောင်း ကျေးရွာဥက္ကဋ္ဌထံလည်းကောင်း၊ စားသောက်ကုန် ပစ္စည်းများကို ဧရာဝတီတိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးဝေက ရေပေါ်ကြီးကျေးရွာ ဥက္ကဋ္ဌထံသို့လည်းကောင်း အသီးသီးပေးအပ်ကြရာ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းရှိ ဒေါ်သန်းတင်ခန်းမဆောင်၌ ကျင်းပသော ရေဘေးသင့် အိမ်ထောင်စုဝင်များအား ဆန်နှင့် ထောက်ပံ့ရေးပစ္စည်းများ၊ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ရာ မြို့နယ်ဥက္ကဋ္ဌက ရေနစ်မြုပ်မှု အခြေအနေများနှင့် နေရာချထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထောက်ပံ့

ထို့နောက် တိုင်းမှူးက ဆန်အိတ် ၈၆ အိတ်နှင့်ခေါက်ဆွဲထုပ် ၅၈၀ တို့ကို အိမ်ထောင်စုဝင်များသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမိုးကုတ်ရိပ်သာ ဝါတွင်းအထူးတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁၁

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ခွဲအမှတ် ၁၂၉၏ ဝါတွင်းကာလ အထူးတရားစခန်းပွဲကို တော်သလင်းလဆန်း ၁ ရက်မှ ၇ ရက် (စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်)အထိ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ယင်းတရား စခန်းပွဲတွင် ရိပ်သာပဓာနနာယက ကျောင်းသစ်ကျောင်း ဆရာတော် မိတ္ထီလာဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ပြီး လူဦးရေ ကန့်သတ်ထားသဖြင့် ဖုန်း-၀၆၄-၃၅၂၄၇ သို့ စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် အမှတ် ၂၉/၂၆၈နေ ဒုတိယဗိုလ်မှူးကြီး ကိုလေး(ငြိမ်း)နှင့် မိသားစုက ဒေါ်ခင်မမလေးအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (က-ပ)

စွန်းလွန်းဂူ ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁၁

မော်လမြိုင်မြို့ မြိုင်သာယာရပ် ရှင်စောပုလမ်း စွန်းလွန်းဂူ ဓမ္မအေးရိပ်သာကျောင်းတိုက်ကြီးတွင် ရေးမြို့နယ် အစင်ကျေးရွာ ဓမ္မာဃောသကကျောင်းတိုက် ဇင်းကျိုက် စွန်းလွန်းဂူ ဓမ္မအေးရိပ်သာကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိလောက(သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်နှင့် တပည့် အရှင်ပညာသီဟ (မော်လမြိုင်)၊ အရှင်ခန္တီစာရ (အစင်) တို့က ကျေးဇူးတော်ရှင် စွန်းလွန်းဂူ ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ နိဗ္ဗာန်ရောက်ကြောင်း တရားစဉ်ကို ၁၃၆၉ ခု တော်သလင်းလဆန်း ၂ရက် (စက်တင်ဘာ ၁၃ ရက်) ကြာသပတေးနေ့မှ တော်သလင်းလဆန်း ၉ ရက် (စက်တင်ဘာ ၂၀ ရက်) ကြာသပတေးနေ့အထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဟု သိရသည်။ **(က-ပ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဆည်ရေဖြင့် တန်ဖိုးနည်း ရေအားလျှပ်စစ်ထုတ်လုပ်မှုအောင်မြင်

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ–သောင်းဝင်းမိုလ်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ထားသော ဆည်မြောင်း တာတမံများ အနီးရှိ ကျေးရွာများ မီးလင်းနိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉)မှ ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်နှင့် အင်ဂျင်နီယာအဖွဲ့၏ ကြိုးပမ်းမှုဖြင့် ယခုအခါ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံစီမံကိန်း၏ ဆည်ရေ–ရေကျပေါက်များမှတစ်ဆင့် အနီးအနားရှိ ကျေးလက်ဒေသများ မီးလင်းနေပြီဖြစ်သည်။

အဆိုပါ မမြရေလှောင်တမံစီမံကိန်းအနီးရှိ ရေကျပေါက်များမှ ရေအားဖြင့် ထုတ်ယူရရှိသော ရေအားလျှပ်စစ်ဖြင့် မျှင်ဝါးတောင်ကျေးရွာတွင် ပထမဦးဆုံး လျှပ်စစ်မီးရရှိခဲ့သည်။ အဆိုပါ မျှင်ဝါးတောင်ကျေးရွာအတွက် လျှပ်စစ်ဓာတ်အား ထုတ်ပေးသော အသေးစား ရေအားလျှပ်စစ်စက်များကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များက လုပ်အားပံ့ပိုးကူညီကာ ကျေးလက်မီးလင်းရေး ကိစ္စများကို ဆောင်ရွက်ခဲ့ကြသည်။

မျှင်ဝါးတောင်ကျေးရွာသည် ပထမဦးဆုံး ဆည်ရေဖြင့် မီးလင်းသောကျေးရွာဖြစ်ပြီး တည်ဆောက်ရေး(၉)၏ ရည်ရွယ်ချက်တစ်ခုဖြစ်သော **“ဆည်ရေဖြင့် မြောင်းတစ်လျှောက် ကျေးရွာများ လျှပ်စစ်မီးလင်းစေရမည်”** ဟူသော ရည်ရွယ်ချက်ကို လက်တွေ့ အကောင်အထည်ဖော်သောအားဖြင့် မမြရေလှောင်တမံအနီးရှိ ညောင်ခုံကျေးရွာ၊ ငါးဘတ်ကျေးရွာ၊ လက်ပံကွင်းကျေးရွာများအထိ မီးလင်းအောင် ဆောင်ရွက်ပေးခဲ့သည်။

တည်ဆောက်ရေး(၉)မှ အင်ဂျင်နီယာများ တီထွင်တည်ဆောက်ထားသော အသေးစားရေအား လျှပ်စစ်စက်များမှာ ရေကျပေါက်မှကျသောရေကို မြောင်းလုပ်၍ ဒလက်ကိုလည်စေပြီး ဒိုင်နမိုတာဘိုင် လျှပ်စစ်မီးထုတ်သည့်စက်ကို လည်စေခြင်းဖြစ်သည်။ မည်သည့် လောင်စာဆီမျှ အသုံးမပြုရဘဲ ရေအားသက်သက်ဖြင့် ထုတ်လုပ်ခြင်းဖြစ်သည်။ ဆည်မှ ရေကို ရေသွင်းမြောင်းများအတိုင်း စီးဆင်းစေပြီး ယင်းမှတစ်ဆင့်အမြင့်သုံးပေမှ ကျသောရေ၏ အရှိန်ဖြင့် အသေးစား ရေအားလျှပ်စစ်များ ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။

2 KW **လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနေသော တန်ဖိုးနည်း ရေအားလျှပ်စစ်ထုတ်လုပ်မှုဖြင့် မမြရေလှောင်တမံအနီး မျှင်ဝါးတောင်ကျေးရွာ တစ်ရွာလုံး မီးလင်းစေခဲ့ပြီ။**

မမြရေလှောင်တမံမှ ပို့လွှတ်သော ဆည်ရေဖြင့် ရေသွယ်မြောင်း ရေကျပေါက်တစ်ခုကို ရေအားလျှပ်စစ်ဓာတ်အားမထုတ်မီ တွေ့ရစဉ်။

တည်ဆောက်ရေး(၉)မှ တီထွင်ထုတ်လုပ်သော စက်များမှာ 2KW-AMP (9) အတွက် ငွေကျပ် ၂၅၅၀၀၀ သာ ကုန်ကျမည်ဖြစ်ပြီး စည်ပိုင်းသံပြားဖြင့် အလွယ်တကူ ပြုလုပ်နိုင်သည်။ ရရှိသော လျှပ်စစ်အားမှာ လေးပေမီးချောင်း ၄၀ (သို့မဟုတ်) နှစ်ပေ မီးချောင်း အချောင်း ၈၀၊ တီဗွီ ကိုးလုံး အသုံးပြုနိုင်သည်။

3KW-AMP 13 အတွက် ငွေကျပ် ၃၀၀၀၀၀ ကုန်ကျမည်ဖြစ်ပြီး လေးပေ မီးချောင်း ၆၀ (သို့မဟုတ်) နှစ်ပေ မီးချောင်း ၁၂၀၊ တီဗွီ ၁၃ လုံး အသုံးပြုနိုင်မည်ဖြစ်သည်။

5KW-AMP 20 အတွက် ငွေကျပ် ၅၈၀၀၀၀ ကုန်ကျမည်ဖြစ်ပြီး လေးပေမီးချောင်း ၁၀၀ (သို့မဟုတ်) နှစ်ပေ မီးချောင်း ၂၀၀၊ တီဗွီ ၂၂ လုံး အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မမြရေလှောင်တမံစီမံကိန်းကို ၂၀၀၇ခုနှစ် ဇွန် ၇ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်မီးလင်းရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆည်ရေဖြင့် မြောင်းတစ်လျှောက် ကျေးရွာများ မီးလင်းရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ။

2 KW **ရရှိပြီး စရိတ်သက်သာသော ရေအားလျှပ်စစ် ဓာတ်အားပေးစခန်းကို ဤသို့ ကိုယ့်အားကိုယ်ကိုး တည်ဆောက်နိုင်ခဲ့သည်။**

တည်ဆောက်ရေး(၉)မှ တီထွင်ထုတ်လုပ်သော စက်များမှာ 2KW-AMP (9) အတွက် ငွေကျပ် ၂၅၅၀၀၀ သာ ကုန်ကျမည်ဖြစ်ပြီး စည်ပိုင်းသံပြားဖြင့် အလွယ်တကူပြုလုပ်နိုင်၊ ရရှိသော လျှပ်စစ်အားမှာ လေးပေမီးချောင်း ၄၀ (သို့မဟုတ်) နှစ်ပေ မီးချောင်း အချောင်း ၈၀၊ တီဗွီ ကိုးလုံး အသုံးပြုနိုင်။

ရွှေတိဂုံစေတီတော်မြတ်ကြီး (ရာသက်ပန်ငွေပဒေသာပင်) အလှူအတွက် မိဘ၊ အဘိုး၊ အဘွားများနှင့် ဇနီး ဒေါ်ခင်ထွေးအားရည်စူး၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးတင်ထူး၊ သားသမီးများနှင့်မြေး အေးချမ်းဖြူတို့က အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဝင်ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

မြတ်စေတနာနှင့် မြတ်မေတ္တာ သူနာပြုအကူသင်တန်းမှငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်မြို့ မြတ်စေတနာနှင့် မြတ်မေတ္တာသူနာပြုအကူသင်တန်းမှ ဆရာမ ဒေါ်မျိုးမျိုးအေး ဦးဆောင်၍ ဆရာမ ဒေါ်အိအိချို၊ ဒေါ်ပွင့်ဖြူဖြူဟန်နှင့် သင်တန်းသား၊ သင်တန်းသူများသည် အမှတ်(၂)လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း ဆေးရုံသို့ စက်တင်ဘာ ၆ရက် နံနက် ၉နာရီက ရောက်ရှိလာရာ အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးနှင့် တာဝန်ရှိသူများက မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း ဖြစ်ပေါ်လာရခြင်းအကြောင်းကို ပြောကြားသည်။ ဆေးရုံအတွင်း လှည့်လည်လေ့လာပြီး သင်တန်းသူ၊ သင်တန်းသားများက လစဉ်အလှူငွေကျပ် သုံးသောင်းကို အုပ်ချုပ်ရေးမှူးချုပ်ထံ လှူဒါန်းသည်။

ဆက်လက်၍ အင်းတကော်လသာအေးကျေးရွာသို့ ရောက်ရှိလာပြီး ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာပြည်သူများအတွက် လိုအပ်သော ဆေးဝါးများနှင့် ဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေကျပ်သုံးသောင်းကို ရွာမိ၊ ရွာဖ ဦးညီညီထံ ပေးအပ်လှူဒါန်းသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဆေးဝါးလှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း – ၂၂၈၀၈၁၊ ၅၀၂၆၅၇နှင့် ၀၉–၈၉ ၂၂၅၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အသောကဓမ္မဗိမာန်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၁

မရမ်းကုန်းမြို့နယ် သမိုင်းမြို့မပရိယတ္တိစာသင်တိုက် ကျောင်းဝင်းအတွင်းတွင် တည်ဆောက်လျက်ရှိသော လေးထပ်ကျောင်းဆောင် အသောကဓမ္မဗိမာန်တော် တည်ဆောက်ရေးအတွက် ဦးသန်းနိုင်-ဒေါ်ခင်စန္ဒာဝေ (လှသီတာရွှေဆိုင်)၊ သမီး မမို့မို့အိဖြိုးဝေနှင့် သား မောင်ဥက္ကာကျော်တို့က ငွေကျပ် ၁၅သိန်း ပေးအပ်လှူဒါန်းရာ ပဓာနနာယကဆရာတော် ဦးကုဏ္ဍလရှေ့မှောက်တွင် နာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဝင်းကြိုင်က လက်ခံယူသည်။ **(အပေါ်ပုံ)**

အသောကဓမ္မဗိမာန်တော်ကြီးအတွက် လှူဒါန်းလိုပါက တည်ဆောက်ရေး ဥက္ကဋ္ဌ ဦးအေးမြင့် ဖုန်း-၆၆၁၁၅၄၊ ၆၈၃၃၈၀၊ ၆၈၄၇၇၉၊ ၀၉-၅၀-၁၉၃၁၆၊ ဗိုလ်မှူးအောင်စိုး ဖုန်း-၆၆၄၅၀၃၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးတင်ထူး ဖုန်း-၆၆၅၂၃၈၊ဦးမြတ်ထွန်း ဖုန်း-၆၆၂၀၁၅နှင့် ဦးတိုး ဖုန်း-၀၉-၅၁-၁၄၁၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ဟိုပင်မြို့၌ ကျောင်းကျန်းမာရေး ဟောပြော

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း အမျိုးသမီးရေးရာအဖွဲ့နှင့်ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ကျောင်း ကျန်းမာရေး ဟောပြောပွဲနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးခြင်းနှင့် သန်ချဆေးများ တိုက်ကျွေးခြင်း အခမ်းအနားကို ဟိုပင်မြို့ စက်ကုန်း အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ပြည်သူ့ ဆေးရုံမှ ဒေါက်တာမျိုးမျိုးဝင်းက မိုးရာသီတွင် အဖြစ်များသည့် ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် တားဆီးရေး အကြောင်းကို လည်းကောင်း၊ ကျန်းမာရေးမှူး ဦးမျိုးသန့်က ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးတို့ကိုလည်းကောင်း ဟောပြောကြသည်။ ဟောပြောပွဲ အပြီးတွင် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူများအား သန်ချဆေးများ တိုက်ကျွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ချင်းပြည်နယ် စည်ပင်ညွှန်မှူး မင်းတပ်၌ စည်ပင်လုပ်ငန်းများစစ်ဆေး

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးနှင့်အဖွဲ့သည်ဩဂုတ် ၂၅ ရက်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် မင်းတပ် မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်သော မြို့ပြ ခေါ်နူးမသုမ်လမ်းကတ္တရာ ခင်းခြင်း၊ ပန်းအော့ ကျေးလက်လမ်းတာချဲ့ခြင်း၊ နိုင်ငံတော် ထောက်ပံ့ငွေကျပ် သိန်း၅၀ဖြင့် မြို့ရေပေးရေး လေးလက်မ ပီဗွီစီပိုက်များ အစားထိုးလဲလှယ်ခြင်းနှင့် မြို့သန့်ရှင်း သာယာလှပရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗဟိုသာသနာပြုကျောင်းသို့ စာအုပ်နှင့် စာရေးကိရိယာလှူဒါန်း

ချင်းပြည်နယ် ဖလမ်းခရိုင်/မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း၏ ဦးဆောင်မှုဖြင့် ကျင်းပသည့် ဗဟိုသာသနာပြုကျောင်းသို့ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက် နံနက် ၁၁နာရီက ဗဟိုသာသနာပြုကျောင်းတွင် ကျင်းပရာ ခရိုင် ဥက္ကဋ္ဌ ဦးအုန်းမောင်စည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကောလ်လျန်ထန်းနှင့်လူမှုရေးအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဆရာ့လက်စွဲ ပုံနှိပ်စာအုပ်အစုံ၊ ဗလာစာအုပ်ဒါဇင် ၃၀နှင့် ခဲတံဒါဇင် ၂၀တို့ကို ဗဟိုသာသနာပြုဌာန သာသနာပြုဆရာတော်ဘဒ္ဒန္တစန္ဒာဝရထံ တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
အတီး ပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သောသီချင်းများ

(ယမန်နေ့က အဆက်)

စောင်းအတီးပြိုင်ပွဲ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်
- (က) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ခ) ပန်းမြိုင်လယ် (ယိုးဒယား)
- (ဂ) တောတောင်စွယ် (ယိုးဒယား)
- (ဃ) သောင်းကျေးဒီပါဖွေ (မွန်)
- (င) အောင်မြေသာစံ (ပတ်ပျိုး)
- (စ) အမွှန်မာန်ဟုန် (ပတ်ပျိုး)
- (ဆ) ဖြေနိုင်ပေါင် (ပတ်ပျိုး)
- (ဇ) သပြေပင်ဝန်း (ကြိုး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်
- (က) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ခ) ဩဘာမင်္ဂလာ (ဘွဲ့)
- (ဂ) လေပြည်ဆော်သွင်းမြူ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ပန်းတသင်းသင်း (ပတ်ပျိုး)
- (ခ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
- (ဂ) တောဟောဝန်လယ် (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (ခ) ရန်တကာအောင် (ဘွဲ့)
- (ဂ) ရှုတိုင်းသာစွ (ဘွဲ့)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) အတိုင်းမသိမင်္ဂလာ (ဘွဲ့)
- (ခ) ရွှေပဒုမ္မာ (ယိုးဒယား)
- (ဂ) မြန်ခန်းကျွန်းတွင်း (ကြိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) ဝေဘာဂီရိ (ကြိုး)
- (ခ) စံရာတောင်ကျွန်း (ကြိုး)
- (ဂ) တံတျာတေရှင် (ကြိုး)

စန္ဒရားအတီးပြိုင်ပွဲ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်
- (က) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ခ) ယသော်ဓရာ (ယိုးဒယား)
- (ဂ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
- (ဃ) စိန်ကြယ်ညီးလင်း (မွန်)
- (င) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (စ) ကောင်းချီးသခ်ၤါ (မွန်)
- (ဆ) သာတင့်ဆုံး (ယိုးဒယား)
- (ဇ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်
- (က) ဖော်ကွာဝေး (ယိုးဒယား)
- (ခ) နံ့သာနီတောင် (ပတ်ပျိုး)
- (ဂ) မိဘမေတ္တာ (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) အတိုင်းမသိမင်္ဂလာ (ဘွဲ့)
- (ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဂ) တောသူလုပ်ငန်း (ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) မြိုင်ဟေမာ (ယိုးဒယား)
- (ခ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ဂ) မြန်မာ့ဂုဏ်ရည် (ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) သည်ဆောင်းဟေမန် (ဘွဲ့)
- (ခ) တောဟောဝန်လယ် (ယိုးဒယား)
- (ဂ) ချစ်စရာပန်း (တင်တင်မြ)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) ထွေတလာ (ကြိုး)
- (ခ) စံရာတောင်ကျွန်း (ကြိုး)
- (ဂ) မေတ္တာရွှေရည် (တင်တင်အောင်)

ပတ္တလားအတီးပြိုင်ပွဲ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်
- (က) စုံသာမြိုင်လယ် (သီချင်းခံ)
- (ခ) ဒီပါအေးမြ (ပတ်ပျိုး)
- (ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
- (ဃ) အောင်မင်္ဂလာ (ယိုးဒယား)
- (င) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (စ) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)
- (ဆ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)
- (ဇ) ညင်းညင်း (မွန်)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်
- (က) ခိုင်ပန်းစုံ (ယိုးဒယား)
- (ခ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ဂ) စိန်ကြောင်နီလာ (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) တောဟောဝန်လယ် (ယိုးဒယား)
- (ခ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
- (ဂ) ညဥ့်သုံးယံခါ (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) လွမ်းပိုအောင် (ယိုးဒယား)
- (ခ) အောင်မြေမြမန်း (ပတ်ပျိုး)
- (ဂ) တေဇာအာဏာထန်ပြင်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) သည်ဆောင်းဟေမန် (ဘွဲ့)
- (ခ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
- (ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) ဝေဘာဂီရိ (ကြိုး)
- (ခ) သီဒါသီဒါမြသား (ကြိုး)
- (ဂ) ဇေယျာမြို့ (ကြိုး)

နဲပြိုင်ပွဲ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်
- (က) စိန်ကြယ်ညီးလင်း (မွန်)
- (ခ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဂ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (င) အောင်မြေသာစံ (ပတ်ပျိုး)
- (စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဆ) မြိုင်ဂန္ဓမာ (ယိုးဒယား)
- (ဇ) ကောင်းချီးသခ်ၤါ (မွန်)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်
- (က) လေပြည်ဆော်သွင်းမြူ (မြင်းတက်ယိုးဒယား)
- (ခ) ရေယမုန် (ပတ်ပျိုး)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ဂန္ဓမာတောင် (ဘွဲ့)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) ဇမ္ဗူတောင်ညာ (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) ဆွတ်ဖျန်းငယ်လေ (ကြိုး)
- (ဂ) ဟေမဝန်ချာ (ဘွဲ့)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) မှန်ညောင်သဒ္ဒါ (ဝတ်ရုံတော်ဘွဲ့)
- (ခ) ဘုံဆောင်မြင့် (ကြိုး)
- (ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) သီဒါသီဒါမြသား (ကြိုး)
- (ခ) ဝေဘာဂီရိ (ကြိုး)
- (ဂ) သာယာ (ကြိုး)

တယောပြိုင်ပွဲ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်
- (က) မဏိကဋ္ဌနာ (ပတ်ပျိုး)
- (ခ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)
- (ဂ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဃ) ပန်းဟောဝန် (ယိုးဒယား)
- (င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (စ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
- (ဆ) မြန်ချာမြေကို (ပတ်ပျိုး)
- (ဇ) အမင်းမင်းခရ (သီချင်းခံ)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်
- (က) ထူးမခြားနား (သီချင်းခံ)
- (ခ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ဂ) နီးအောင်ပင်လှမ်း (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ရွှေနန်းအောင်ချာ (ကြိုး)
- (ခ) မှန်ရဝေ (ပတ်ပျိုး)
- (ဂ) ရွှေအင်းဝ (ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်
- (က) ဇေယျာအောင်ချာ (ကြိုး)
- (ခ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဂ) ဆိပ်ကမ်းသာ (ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်
- (က) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ခ) ဂန္ဓမာတောင် (ဘွဲ့)
- (ဂ) သုဝဏ္ဏသျှံ (ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)အဆင့်
- (က) သီဒါသီဒါမြသား (ကြိုး)
- (ခ) သာယာ (ကြိုး)
- (ဂ) မေတ္တာ (ကာလပေါ်)

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးအသိပညာပေး၊ ကွင်းဆင်းရောဂါရှာဖွေကုသ

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး ဦးဆောင်လျက် အသင်းပိုင် ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်ခင်သန်းနွယ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းနှင့်အတူ စက်တင်ဘာ ၈ ရက် နံနက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ရောက်ရှိပြီး ရှေးဦးစွာ ကျန်းမာရေးအသိပညာပေးခြင်းကို ဆောင်ရွက်ရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အသိပညာပေးရခြင်းအကြောင်းရင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ၊ ဦးနှောက် အမြှေးရောင်ရောဂါ ကြိုတင်ကာကွယ်ရေးကို လည်းကောင်း၊ လုံခြုံစိတ်ချ မိခင်ဘဝနှင့် အမျိုးသမီးများ မျိုးပွားအင်္ဂါ ကင်ဆာရောဂါအကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအကြောင်းကို လည်းကောင်း အသိပညာပေး ဆွေးနွေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ သားဖွားခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများကို လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေမြသာက လက်ခံယူသည်။ အဆိုပါ ကျန်းမာရေး အသိပညာပေးဆွေးနွေးပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အမျိုးသမီး၊ အမျိုးသား စုစုပေါင်း ၃၀၀ တက်ရောက်ကြသည်။

အဖွဲ့ငယ်များဖွဲ့

ယင်းနောက် အသင်းခွဲကို အခြေပြု၍ အဖွဲ့ငယ်များဖွဲ့ကာ ကိုယ်ဝန်ဆောင် အမျိုးသမီး ၁၉၇ ဦးအား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေ သွေးစစ်ပေးခြင်း၊ PMCTစီမံချက်အရ မိခင်မှသန္ဓေသားသို့ HIV ရောဂါပိုးကူးစက်မှု တားဆီးကာကွယ်ပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင် ၁၆၇ ဦးတို့အား သွေးဖောက်စစ်ဆေးပေးခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ၃၉ ဦးအား သားအိမ်ခေါင်း ကင်ဆာကာကွယ်ကုသနိုင်ရေးအတွက် Pap Smearစမ်းသပ်ပေးခြင်း၊ အမျိုးသမီးအားလုံးအား ရင်သားရောဂါဆိုင်ရာ စမ်းသပ်ပေးခြင်း၊ လိုအပ်သူများကို သက်ဆိုင်ရာ ဆေးရုံများသို့ ညွှန်းပို့ပေးခြင်းနှင့် အမျိုးသား ၇၉ ဦးတို့အား HIV/AIDSရောဂါ အပါအဝင် လိင်မှုဆိုင်ရာ ကူးစက်ရောဂါများ ကာကွယ်ရေးအတွက် လက်တွေ့ရှင်းလင်း သရုပ်ပြခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်း သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရေးငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် တာမွေမြို့နယ် ဗျိုင်းရေအိုးစင်လမ်း အမှတ်(၆၃)နေ ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီးဦးမြင့်ဆွေ (၂နှစ်ရလပြည့်) အား ရည်စူး၍ ဇနီး ဒေါ်ခင်စန်းမြင့်၊ သား ကိုကျော်မင်းဦး၊ ကိုမင်းမင်းထက်၊ ကိုဝေလျှံဖြိုး (ကြယ်တံခွန်) မိသားစုက ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးအုန်းကြိုင်တို့က လက်ခံယူသည်။ **(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်း

အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပက ရုံးဖုန်း– ၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကြည့်ရှုစစ်ဆေး

စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ပိုင် ပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြိတ်နှင့်တနင်္သာရီ မြို့နယ်စည်ပင်လုပ်ငန်းများ စည်ပင်ညွှန်ချုပ်ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း မြိတ်မြို့နယ်နှင့် တနင်္သာရီမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးသို့ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးစိုးဝင်းက မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသောစည်ပင်သာယာရေးလုပ်ငန်းများကိုတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် လေဆိပ်အဝင်လမ်း မြေယာရှုခင်း အလှဆင်ထားရှိမှု၊ ပျိုးဥယျာဉ်၊ မီးဖိုချောင်သုံးသီးနှံစိုက်ခင်း၊ ဝန်ထမ်းအိမ်ရာ၊ အဖွဲ့ပိုင် စက်ပြင်အလုပ်ရုံ၊ မြို့တွင်းလမ်းများ၊ ကန်တော်မင်္ဂလာကန်တူးဖော်မှုအခြေအနေ၊ ပုလဲရတနာမြို့နယ်ခန်းမနှင့်အဖွဲ့ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

မှာကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ရှမ်းချောင်းကျေးရွာနှင့် ရွှေဒူးကျေးရွာဆက်သွယ်သည့်မြို့ပတ်(၂)လမ်းပေါ်ရှိအမှတ်(၈)တံတားကျောက်ကြီးစီကမ်းကပ်ခုံ ပြုလုပ်ခြင်း လုပ်ငန်းကို စစ်ဆေးပြီးလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် တနင်္သာရီမြို့သို့ ရောက်ရှိပြီး မြို့နယ်ခန်းမ၊ မြို့တွင်းလမ်းများနှင့် ဈေးအတွင်းကြည့်ရှုစစ်ဆေးပြီး တနင်္သာရီမြို့နယ် စည်ပင်သာယာရေးရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဆောင်ရွက်

ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ ၇ရက်တွင် တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ရုံး၌ တိုင်းနှင့်မြို့နယ်အဆင့် စည်ပင်သာယာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြို့ပြ၊ ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဝန်ထမ်းများအားလုံး တက်ညီလက်ညီနှင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလော အင်းခေါင်းစံပြကျေးရွာ အထကကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့် စံပြအင်္ဂါရပ်နှင့်အညီ ဒေသတည်ငြိမ်အေးချမ်းပြီး စီးပွားရေးကောင်းမွန် ရေကောင်းရေသန့်သုံးစွဲနိုင်ပြီး ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ထား

ရန်ကုန် စက်တင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု အင်းခေါင်းစံပြကျေးရွာသည် ဒေသတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေး တိုးတက်ကောင်းမွန်မှုကြောင့် စည်ပင်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ အင်းခေါင်း စံပြကျေးရွာသည် စံပြကျေးရွာ၏အင်္ဂါရပ်နှင့်အညီ ကျေးရွာအနီးရှိ အင်းခေါင်း ရေထွက်ကြီးမှ ကျေးရွာအရောက် ရေပိုက်လိုင်းများဖြင့် အများသုံးရေလှောင်ကန်မှတစ်ဆင့် နေအိမ်များသို့ စနစ်တကျရေသွယ်ယူပြီး ရေကောင်းရေသန့်ကို ရရှိသုံးစွဲနေကြပြီဖြစ်သည်။ ယင်းစံပြကျေးရွာမှ ပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်သည့် ကျေးရွာချင်းဆက်လမ်းများသည်လည်း မော်တော်ယာဉ်များသွားလာနိုင်သည့် လမ်းများအဖြစ် ဖောက်လုပ်ထားသည့်အပြင် ကျေးရွာရှိ သန်းခေါင်မွေတော်ဘုရားနှင့် ဘုန်းတော်ကြီးကျောင်းသည်လည်း ကျေးရွာ၏ကျက်သရေဆောင်အဖြစ် တည်ထားကိုးကွယ်လျက်ရှိသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အင်းခေါင်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ၄ဝါကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၁၁နာရီက ကျင်းပရာ ကလောမြို့နယ် ပညာရေးမှူးဒေါ်နန်းမြစိန်နှင့် အလှူရှင် ဦးသက်နိုင်ဦး၊ ဒေါ်ဖြူဖြူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ကျောင်းဆောင်သစ်ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်နန်းမြစိန်က ကျေးလက်ဒေသ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားပြီးနောက် ကျောင်းဆောင်သစ်အလှူရှင် သီခေါင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦးက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ထို့နောက် ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့် အချက်အလက်များကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌဦးအောင်ထွန်းက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ကာ အလှူရှင်အား ကျောင်းအုပ်ကြီးဒေါ်ယဉ်ယဉ်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂–၉–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အင်္ဂါစုံတဲ့လူတရားတော် (ပထမပိုင်း) (ဘဒ္ဒန္တပညာဝံသ ပုပ္ပားစကားဝါမြေဆရာတော်)
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	စားချင်ဖွယ်ရာ ပြုလုပ်ထား ကံ့ရိုးရှာကမုန့်ဟင်းခါးဖတ်ခြောက်များ
၈း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅	ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	Midweek Sports News
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ဆက်သွယ်လုံခြုံ နည်းအဖုံဖုံ
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (Talents & Models သင်တန်းဆင်းပွဲ)
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	မုဒ္ဒန်းရှာမှ သဘာဝလက်ဆောင်
၁၀း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀	လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်
၁၀း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅	မြေပြင်ပေါ်မှာ ရွှေ့လျား ကိုယ်ဟန်ပေါ့ပေါ့ပါးပါး
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	**အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ “ကိုးဆယ်ဆသာလိမ့်မယ်”**
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	International Video Topics (အာတိတ်ဒေသမှ ဝင်ရိုးစွန်းဝက်ဝံဖြူကြီးများ)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Euro Qualifiers England ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၀	England–Russia	Star Sports (Live)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေမြို့နယ် ကျေးတောပိုက်ဆိပ်ကျေးရွာရှိ ဒေပူးကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသော အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ

အခြေခံပညာမူလတန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ)ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော ပြည်နယ်၊ ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်က အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ)ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က အမှာစကားပြောကြားကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် စစ်တွေမြို့နယ် ကျေးတောပိုက်ဆိပ်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးမှုဖြင့် ဒေပူးကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသော အခြေခံပညာ မူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့နယ် ကြွတ်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏စည်းရုံးကြိုးကြပ်မှုဖြင့် ဒေပူးကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသောကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

နှစ်သိမ့်အားပေး

တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ယင်းနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြပြီး ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြသောလူနာများအား အစားအစာနှင့် ထောက်ပံ့ငွေများကို ပေးအပ်ပြီး နှစ်သိမ့် အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့သည် စက်တင်ဘာ ၁၀ရက်က မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အမှုဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ပြောကြား

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းက မိတ်ဆက်အမှာစကားပြောကြားပြီး ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အမှုဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးတင်ပြ၍ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း(အထက်)ရပ်ကွက် ရွှေဘိုလမ်းနေ ဖခင်ဦးစောပိုင်– မိခင်ဒေါ်တင်ညွန့်၊ ခင်ပွန်း ဦးတင်အောင်တို့အား ရည်စူး၍ ဒေါ်ခင်အေးနွဲ့သားသမီး၊မြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စက်တင်ဘာ ၁၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ကထိကဒေါက်တာမိုးမိုးခိုင်က စီးပွားရေးလုပ်ဆောင်ချက်များအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(၁၅-၉-၂၀၀၇ မှ ၂၁-၉-၂၀၀၇)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

၆လမှ ၅နှစ်အရွယ် ကလေးများကို အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ပါ။

အမျိုးသမီးများ သံဓာတ်အားဆေး မှီဝဲပါ။

ကလေးအသက် ၆လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

အသက်အရွယ်မရွေး အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာ စားပါ။

အသက် ၂နှစ်မှ ၅နှစ်အောက် ကလေးများနှင့် မူလတန်းအရွယ်ကလေးများအား ၆လတစ်ကြိမ် သန်ချဆေးတိုက်ပါ။

ကိုယ်ဝန် ၃လအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေးတစ်ကြိမ်တိုက်ပါ။

unicef

ကွန်ပျူတာနှင့်အင်္ဂလိပ်စာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ILBC တို့ ပူးပေါင်းဖွင့်လှစ်သော ကွန်ပျူတာနှင့်အင်္ဂလိပ်စာသင်တန်း အမှတ်စဉ် (၃/၂၀၀၇)သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၈နာရီက တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ ILBC သင်တန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး**(အပေါ်ပုံ)**ILBCမှမန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက သင်တန်းဖွင့်လှစ်နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြင့်က ဆရာဆရာမများအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့် ဆရာတော်ထံ သာသနာဝင် စိစစ်ရေး ကတ်ပြားများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် ကျောက်ကုန်းလမ်း ခြံအမှတ် ၃ နေ ဦးကျော်ဝေ(ဥက္ကဋ္ဌ)၊ သုဓမ္မ သီဂီ ဒေါ်ဆွေသဇင် (အုပ်ချုပ်မှု ဒါရိုက်တာ) အောင်ကောင်းကျော် ဆောက်လုပ်ရေး လီမိတက်မိသားစုက ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော် ကပ်လှူရန်အတွက် အလှူငွေ ကျပ်သိန်း၃၀ကို ဂေါပက အဖွဲ့ဝင်ဦးမင်းထွဋ်ထံ ပေးအပ်စဉ်။ (က-ပ)

မှော်ဘီမြို့နယ် ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်၌ သာသနာဝင် စိစစ်ရေးကတ်ပြား ဆက်ကပ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား သာသနာဝင် စိစစ်ရေးကတ်ပြားဆက်ကပ်ပွဲကို ယနေ့နံနက် ၁၁နာရီခွဲတွင် အဆိုပါစာသင်တိုက်၌ ကျင်းပသည်။

မြွက်ကြား

အခမ်းအနားတွင် မြို့နယ် သံဃနာယက တွဲဖက်အကျိုးတော်ဆောင် မှော်ဘီ မြိုင်သာယာသာသနာ့ဗိမာန်ကျောင်း ဆရာတော်ဦးဝိစာရထံမှ တက်ရောက်လာသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်သံဃနာယက အဖွဲ့ဝင် ရန်ကြီးအောင်ကျောင်းတိုက် ဆရာတော်ဦးကောဏ္ဍညက ဩဝါဒကထာ မြွက်ကြားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ မှော်ဘီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအုန်းလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က ဆရာတော် ဦးကဝိဒဇထံ သာသနာဝင် စိစစ်ရေးကတ်ပြား ၄၆ ကတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လုံခြုံစိတ်ချ မိခင်ဘဝဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာန၊ IPPF တို့ ပူးပေါင်းဆောင်ရွက်သည့် လုံခြုံစိတ်ချမိခင်ဘဝဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီမံချက်ဝင် မြို့နယ်များဖြစ်သည့် ရန်ကုန်တိုင်း ဒလ၊ ဒေါပုံ၊ မြောက်ဥက္ကလာပ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၄၅ ဦးတို့ တက်ရောက်ကြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းကို စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် လုံခြုံစိတ်ချမိခင်ဘဝဆိုင်ရာ ဆရာဖြစ်သင်တန်း ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(မိခင်/ကလေး)

ရပ်ရွာအခြေပြုကျောင်း ပြင်ပကလေးများ တိုးချဲ့ပညာသင်ယူခြင်း လုပ်ငန်းဆွေးနွေးပွဲ

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန ရပ်ရွာအခြေပြုကျောင်း ပြင်ပကလေးများအတွက် စဉ်ဆက်မပြတ် တိုးချဲ့ပညာသင်ယူခြင်း လုပ်ငန်းဆွေးနွေးပွဲကို စက်တင်ဘာ ၉ ရက် ညနေ ၃ နာရီက ကမာရွတ်မြို့နယ် ပြည်လမ်း မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနဝင်းရှိ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန ဥက္ကဋ္ဌဦးသန်းဦး၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ရွာအခြေပြုကျောင်း ပြင်ပကလေးများအတွက် စဉ်ဆက်မပြတ် တိုးချဲ့ ပညာသင်ယူခြင်းလုပ်ငန်းအစီအစဉ်ဆောင်ရွက်မည့် ကြို့ပင်ကောက်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်များရှိ ကျေးရွာများမှ ကြီးကြပ်ရေးမှူးများ၊ ကူညီပံ့ပိုးသူများနှင့် ကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

လေ့ကျင့်ပေး

ဆွေးနွေးပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနဥက္ကဋ္ဌ ဦးသန်းဦးက ရပ်ရွာအခြေပြုကျောင်းပြင်ပ ကလေးများအတွက် စဉ်ဆက်မပြတ်တိုးချဲ့ ပညာသင်ယူခြင်းလုပ်ငန်းအစီအစဉ်ကို တစ်နိုင်ငံလုံးရှိ မြို့နယ် ၂၂ မြို့နယ်၌ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန အနေဖြင့် ကြို့ပင်ကောက် မြို့နယ်နှင့် ပန်းတောင်းမြို့နယ်ရှိ ကျေးရွာအုပ်စု သုံးခုစီတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြို့နယ်တစ်ခုလျှင် ကြီးကြပ်ရေးမှူး တစ်ဦးစီ၊ ကျေးရွာအုပ်စုတစ်ခုလျှင် ကူညီပံ့ပိုးသူ သုံးဦးစီနှင့် ရပ်မိရပ်ဖ နှစ်ဦးစီ စုစုပေါင်း တစ်မြို့နယ်လျှင် ၁၆ဦးစီဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မိမိတို့ဒေသရှိ အသက် ၁၀ နှစ်နှင့် ၁၇နှစ်အကြား ကျောင်းပြင်ပ ရောက်နေသော ကလေးများအား ဘဝ တွက်တာကျွမ်းကျင်စရာနှင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ကာကွယ်တားဆီးရေးပညာပေး သင်ခန်းစာများကို လေ့ကျင့်စေရေးအတွက် ရပ်ရွာအခြေပြုစဉ်ဆက်မပြတ် တိုးချဲ့ ပညာသင်ယူခြင်း လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ မြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုဂ္ဂိုလ်များအား စက်တင်ဘာ၁၀ရက်မှ ၁၈ ရက်အထိ လုပ်ငန်းစဉ်များကို သင်တန်းဖွင့်လှစ် ပို့ချပေးမည်ဖြစ်ရာ ကြိုးပမ်း သင်ယူကြစေလိုကြောင်းဖြင့် ပြောကြားပြီး မြို့နယ်ကြီးကြပ်ရေးမှူးများအား တာဝန်ပေး ခန့်အပ်လွှာများ ပေးအပ်သည်။

ဆွေးနွေးမှာကြား

ထို့နောက် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန အဖွဲ့ဝင် ဦးတင်ညိုနှင့် ညွှန်ကြားရေးမှူး ဦးမြင့်ဟန်တို့က လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဟောင်ပိတ်သတင်း

ဝင်ငွေနည်းမိသားစုများအား တောင်ကိုရီးယားအလှမယ်ထောက်ပံ့

ဆိုးလ် စက်တင်ဘာ ၁၁

ယခုနှစ်အတွက် တောင်ကိုရီးယားအလှမယ်ဆုရ လီဂျီဆွန်သည် ဆိုးလ်မြို့ ဂွမ်ဂူးဒေသ၌ ဝင်ငွေနည်းသော မိသားစုများကို ငွေကြေးထောက်ပံ့လှူဒါန်းမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ထောက်ပံ့မည်

အဆိုပါ အလှမယ်သည် မိသားစု ၂၆စုအား တစ်လလျှင် ဝမ် ၅၀၀၀၀ ဖြင့် တစ်နှစ်ထောက်ပံ့မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လက သူမအလှမယ်ဆု အဖြစ်ရရှိခဲ့သော ဝမ်သန်း ၂၀ကိုလည်း လူမှုရေးအဖွဲ့အစည်းများသို့ လှူဒါန်းခဲ့ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

အလုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်မြို့ အလုံမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး စတုတ္ထအကြိမ် စာပေညီလာခံအတွေ့အကြုံရှင်းလင်းပွဲနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက်က အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာဖတ်ခန်း၌ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်း(ချိုမြနွယ်)၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များဖြစ်ကြသော ဦးခင်မောင်ညို (ခင်မောင်ညို ဘောဂ)နှင့် ဦးခင်ဆွေ(ရွှေစွန်ညို)တို့က အမှာစကား ပြောကြားကြသည်။

အတည်ပြု

ထို့နောက် စတုတ္ထအကြိမ် စာပေညီလာခံအတွေ့အကြုံများကို ဦးမြထွန်း (မြတ်ထွန်းဦး)က ရှင်းလင်းပြောကြားပြီး မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြု၍ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက စုပေါင်း၍ ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပါကစ္စတန်တွင် ဗုံးပေါက်ကွဲ၊ ၁၈ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် စက်တင်ဘာ ၁၁ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ၁၈ဦးသေဆုံးခဲ့ပြီး ၁၆ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်

ယင်းနိုင်ငံ အနောက်မြောက်ပိုင်း ဖရွန်တီယာပြည်နယ် ဒီရာအစ္စမေးလ်ခန် မြို့စစ်ဆေးရေးဂိတ်အနီးတွင် လူတစ်ဦးက အစစ်အဆေးမခံဘဲဗုံးဖောက်ခွဲတိုက်ခိုက်ရာမှ အဆိုပါပေါက်ကွဲမှုဖြစ်ပွားခဲ့ရကြောင်း ယင်းသတင်း၌ ဆက်လက် ဖော်ပြသည်။

အိန္ဒိယတပ်မတော်အမှတ်(၃)တပ်မကြီးမှူးနှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၁

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး General Officer Commanding GOC.3 Corps,Lieutenant General, MS Dadwal,AVSM,VSMနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဇနီးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel, Manoj Mukund Narvaneနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လှူဒါန်း

အဆိုပါ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူးနှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့သွားရောက်ကြပြီး စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြ၍ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူငွေများ ပေးအပ်လှူဒါန်းကြကာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

ဘုရားဖြူဝိနည်းစာပြန်ပွဲဝင်ခွင့်ထုတ်ယူနိုင်

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီးက ကြီးမှူး၍ နတ်တော်လတွင် ကျင်းပမည့် (၇၆)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ရန်ကုန်တိုင်းအတွင်း ဝါကပ်တော်မူကြသော ကျောင်းတိုက်များမှ သံဃာတော်အရှင်သူမြတ်များသည် ဝင်ခွင့်ပုံစံများကို (ဝါခေါင်လကွယ်နေ့) စက်တင်ဘာ၁၁ရက်မှစ၍ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ရှိ အသင်းရုံးခန်း၌ မွန်းလွဲ၁နာရီမှ ညနေ၅နာရီအတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် အလှူငွေကျပ် ၁၄၃၀၀၀ ကို ကျောက်မြောင်း မဂ္ဂင်လမ်းနေ ဦးကျော်ဝင်း-ဒေါ်ချစ်ချစ်မော်၊ သား ကိုထိန်ဝင်း၊ ကိုကျော်ကျော်ရှင်းမိသားစုက ဆရာတော် အရှင်ခေမာသိရီလင်္ကာရအား လှူဒါန်းရာ ဆေးခန်းသူနာပြုနှင့် ဆေးဝါးကျွမ်းကျင်ဆရာမ ဒေါ်သက်သက်က လက်ခံယူစဉ်။ (၁၁၅)

အာဆီယံလက်မှုအနုပညာလက်ရာများ ဆုချီးမြှင့်ပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ၌ကျင်းပမည့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ(ASEAN COCI Myanmar)၏ စီမံကိန်းတစ်ခု ဖြစ်သည့် အာဆီယံလက်မှုအနုပညာ အကောင်းဆုံးလက်ရာများဆုချီးမြှင့်ပွဲ (ASEAN Awards of Excellence in Arts and Crafts)နှင့်စပ်လျဉ်း၍စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ ဥက္ကဋ္ဌ ရှေးဟောင်း သုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)ဒုတိယပါမောက္ခချုပ် ဒေါ်နန္ဒာမွန်းတို့က မြန်မာနိုင်ငံတွင် ကျင်းပမည့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ၏ စီမံကိန်းတစ်ခု ဖြစ်သည့် အာဆီယံလက်မှုအနုပညာ အကောင်းဆုံးလက်ရာများ ဆုချီးမြှင့်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တင်ပြ

ထို့နောက် အာဆီယံ လက်မှုအနုပညာဖွံ့ဖြိုးရေးနှင့်တိုးတက်ရေးအသင်း (ASEAN Handicraft Promotion and Development Association-APHADA)၏ ဌာနေကိုယ်စားလှယ်ဒေါ်ကလော်ဒီရာစောလွင်က ယခုစီမံကိန်းဆောင်ရွက်မှုတွင် APHADA ပါဝင်မည့် အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ချီးမြှင့်သွားမည်

ဆုချီးမြှင့်ပွဲ နှင့်စပ်လျဉ်း၍ စီမံကိန်းကို လက်မှုအနုပညာရပ်ဆိုင်ရာ ပညာရှင်များ စုစည်းနိုင်ရန်၊ အာဆီယံဒေသမှ အရည်အသွေးမီ တီထွင်ကြံဆ ထုတ်လုပ်ထားသော လက်မှုအနုပညာများကို ဖော်ထုတ်ရန်၊ အာဆီယံလက်မှုအနုပညာလက်ရာများ ကမ္ဘာ့ဈေးကွက်သို့ထိုးဖောက်နိုင်ရန်၊ လက်မှုအနုပညာဖန်တီးမှုများ၏ ဒီဇိုင်းများ တိုးတက်ကောင်းမွန်လာစေရန်၊ လက်မှုအနုပညာကျွမ်းကျင်မှု ပညာရပ်များကို နည်းစနစ်ကျနစွာ လက်ဆင့်ကမ်းအမွေပေးနိုင်ရန်၊ ရိုးရာလက်မှုအနုပညာရပ်များ မတိမ်ကောစေရန်နှင့် လက်မှုအနုပညာ လက်ရာများသည် ခေတ်ပြိုင် လိုအပ်ချက်များနှင့် အညီ ထုတ်လုပ်နိုင်မှုရှိစေရန် ရည်ရွယ်ချက်များဖြင့် ပါဝင်ကျင်းပသွားမည်ဖြစ်ပြီး အာဆီယံနိုင်ငံများမှ မည်သူမဆို လက်မှုအနုပညာခြောက်မျိုးနှင့် ပါဝင်နိုင်မည်ဖြစ်ကာ တစ်နိုင်ငံလျှင် ပြိုင်ပွဲဝင်ပစ္စည်း ၁၀မျိုးကို အာဆီယံဒေသတွင်းအဆင့်သို့ ပါဝင်ယှဉ်ပြိုင်နိုင်၍ အကောင်းဆုံးလက်ရာဆု ရရှိသူများအား အမေရိကန်ဒေါ်လာ၁၀၀၀ချီးမြှင့်မည်ဖြစ်သည်။

အခမဲ့

ပြိုင်ပွဲဝင် လျှောက်လွှာများကို ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်၊ သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် အာဆီယံလက်မှုအနုပညာဖွံ့ဖြိုးရေးနှင့် တိုးတက်ရေးအသင်းတို့တွင် အခမဲ့ရယူနိုင်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်သို့ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) သင်တန်းများဖွင့်

ရန်ကုန် စက်တင်ဘာ ၁၁

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၂၆)နှင့် အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၀) သင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအရာထမ်းလောင်းအခြေခံသင်တန်း အမှတ်စဉ်(၂၆)သို့ သင်တန်းသား သင်တန်းသူ ၁၀၆ဦး၊ အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ်(၄၀)သို့ သင်တန်းသား သင်တန်းသူ၂၁၂ဦး စုစုပေါင်း ၃၁၈ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး General Officer Commanding GOC.3 Corps, Lieutenant General, MS Dadwal, AVSM, VSM နှင့် ဇနီးတို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

သောတာပန် ဆီအလှူတော် ရေစက်ချတရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်း ရပ်ကွက်လုံးဆိုင်ရာ ဗဟိုဓမ္မာရုံကြီးတွင် ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်၏ ဦးဆောင်စီမံမှုဖြင့် တောင်ဥက္ကလာပမြို့နယ်မှ တပည့်များက လှူဒါန်းသည့် သောတာပန်ဆီအလှူတော် ရေစက်ချတရားပွဲကို စက်တင်ဘာ၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာတော်ဓမ္မဒူတ အရှင်ဆေကိန္ဒက ဟောကြားမည်ဖြစ်ရာ တရားတော်နာလာရောက်ကြရန် ဖိတ်ကြားထားသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၂-၉-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	အတီးပြိုင်ပွဲ
၈:၀၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၇။	အဆိုပြိုင်ပွဲ
၈:၁၅	၈။	ပြိုင်းချောင်းရေလှောင်တမံ
၈:၂၀	၉။	တေးဂီတအစီအစဉ်
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Let's Go
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၀၀	၅။	မြန်မာစာမြန်မာစကား
၁၇:၁၅	၆။	သီချင်းကြီးသရုပ်ဖော်
၁၇:၂၅	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၃၅	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၅	၁၂။	**၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ)ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
၁၉:၁၅	၁၃။	မင်းမသိသေးပါဘူးကွာ ရော၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၉:၂၅	၁၄။	ကြံတောင်သူတွေဝင်ငွေသုံးဆ တိုးဖို့ဆင်းရွှေလီကြံစိုက်ကြစို့ (အပိုင်း-၄)
၁၉:၄၀	၁၅။	ဆောင်းပါးရှင်ကျော်ရဲမင်း၏ **အမေရိကန်၊ ဗြိတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ ဝင်ရောက်နှောင့်ယှက်စွက်ဖက်မှုများ** (အပိုင်း-၆)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	Franz Hararay's Magic Planet
	၂၀။	၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ **ဝေဿန္တရာဇာတ်တော်ကြီး** (ပထမဆု) [ရန်ကုန်တိုင်း] (ပထမပိုင်း)

မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ ထီးတော်သစ်တင်လှူရန် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုဓမ္မာလမ်း အမှတ် ၅၆နေ ဦးမြင့်အေး-ဒေါ်ဝင်းရီ (အေးသုခဆေးဆိုင်) မိသားစုမှ သား မောင်အေးမင်းသန့်၏ (၂၄)နှစ်ပြည့် မွေးနေ့ ကောင်းမှုအဖြစ် ငွေကျပ် ၁၀၀၀၀၀လှူဒါန်းပြီး ဂေါပကအဖွဲ့ဝင် ဦးလှမင်း၊ ဦးမြသိန်း၊ ဦးထွန်းဝင်းတို့က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

NLD သည်ပြည်တွင်းပြည်ပ အဖျက်သမားများနှင့်ပူးပေါင်း၍ နိုင်ငံတော်ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိ ကျိုင်းတုံမြို့နယ်မှ ပါတီဝင် ၆၀ ခုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးစိုင်းမုန့်၊ ဦးအိုက်နော်၊ ဦးအိုက်ရီ၊ ဦးစိုင်းနွဲ့၊ ဦးစိုင်းပျဲန်း၊ ဦးစိုင်းတစ်၊ ဦးစိုင်းမိုင်၊ ဦးစိုင်းလုံ၊ ဒေါ်ကြည်ကြည်ဝင်းနှင့် ဒေါ်နန်းစံဖူးတို့အပါအဝင် ပါတီဝင် ၆၀တို့သည် စက်တင်ဘာ ၃ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နှောင့်ယှက်ဖျက်ဆီး

ကျိုင်းတုံမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် ပြည်တွင်းပြည်ပအဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်တည်ငြိမ်ရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များကို လျစ်လျူရှုပြီး နိုင်ငံနှင့်လူမျိုးသူ့ကျွန်ဘဝရောက်အောင် ရှေးရှုလုပ်ဆောင်လျက်ရှိသဖြင့် ၎င်းတို့သဘော ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဦးနှောက်နပ်ကြောများ လှုပ်ရှားမှုနှေးကွေးချိန်၌ သမ်းဝေမှုဖြစ်ပေါ်

လူတို့အနေဖြင့် သမ်းဝေခြင်းပြုသည့်အချိန်၌ ဦးနှောက်အတွင်းနဗ်ကြောများ ပုံမှန်အလုပ်လုပ်မှု နှေးကွေးချိန်ဖြစ်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များ၏ တွေ့ရှိချက်ကို ဖော်ပြထားသည်။

အိပ်စက်အနားယူချိန်

ဦးနှောက်အတွင်း နဗ်ကြောများသည် အလုပ်လုပ်ရချိန်များလွန်းလျှင်ဖြစ်စေ၊ အလုပ်လုပ်ချိန်နည်းလွန်းလျှင်ဖြစ်စေ သို့မဟုတ် အိပ်စက်အနားယူချိန် ပြည့်ဝလုံလောက်မှုမရှိလျှင်ဖြစ်စေ မကြာခဏ သမ်းဝေခြင်းများဖြစ်တတ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကိုယ်စိတ်နွမ်းနယ်မှု

သမ်းဝေခြင်းသည် ကိုယ်စိတ်နွမ်းနယ်ခြင်းနှင့် သွေးလည်ပတ်မှု နှေးကွေးခြင်းတို့ကြောင့်လည်းဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်လျှင် ခန္ဓာကိုယ်တုံ့ပြန်မှု၏ အမြင့်ဆုံးသင်္ကေတတစ်ရပ်အဖြစ်သမ်းဝေခြင်းများဖြစ်ပေါ်သည်ဟု ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ဆိုးရွားမှုမရှိ

စာဖတ်မှုများခြင်းနှင့် တွေးတောမှုများခြင်းတို့သည်လည်း သမ်းဝေခြင်းကို ဖြစ်ပေါ်စေကြောင်း၊ သမ်းဝေမှု၏ အနေအထားသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်မှုမရှိကြောင်း ဗြိတိသျှသုတေသန ပညာရှင် ဒေါက်တာကာထရီရိုနာမောရစ်ဆင်က ပြောကြားသည်။ (အင်တာနက်)

ဖန်လုံအိမ် အာနိသင်ထုတ်လွှတ်မှု လျှော့ချရေး ဩစတြေးလျနှင့်အင်ဒိုနီးရှား ပူးပေါင်းဆောင်ရွက်မည်

ဆစ်ဒနီ စက်တင်ဘာ ၁၁

ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကို အထောက်အကူပြုရန်အတွက် အမေရိကန်ဒေါ်လာများစွာ ကုန်ကျမည့် သစ်တောများ ပြုစုထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန် ဩစတြေးလျနှင့် အင်ဒိုနီးရှား နိုင်ငံတို့က စက်တင်ဘာ ၉ရက်၌ သဘောတူ လက်မှတ်ရေးထိုးလိုက်ကြသည်။

အဆိုပါသဘောတူ လက်မှတ်ရေးထိုးမှုကို ဩစတြေးလျနိုင်ငံခြားရေး ဝန်ကြီး အလက်ဇန္ဒားဒေါင်နာနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆင် ဝီရာဂျူဒါတို့က အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(အေပက်)အဖွဲ့၏ စီးပွားရေးခေါင်းဆောင်များ အစည်းအဝေးပြင်ပ၌ သီးခြားပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

ပြုလုပ်သွားမည်

အင်ဒိုနီးရှားနိုင်ငံ ကာလီမင်တန်ဒေသရှိ သစ်တောမြေများနှင့် စိမ့်မြေများတွင် သစ်တောများ ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို ပြုလုပ်သွားမည် ဖြစ်သည်။ ထိုမြေဧရိယာမှာ ဟက်တာ ၇၀၀၀၀ခန့် ရှိသည်။

ဆောင်ရွက်မည်

ထို့အပြင် ခြောက်သွေ့သော ပလပ်ဧရိယာ ဟက်တာနှစ်သိန်းခန့်တွင် သစ်ပင်သန်း ၁၀၀ ကျော် စိုက်ပျိုးသွားရေးကိုလည်း ဆောင်ရွက်သွားကြမည် ဖြစ်သည်။

(အင်တာနက်)

တရုတ်ကျေးလက်ရှိလူငယ်များ အင်တာနက်သုံးစွဲမှုများလာ

ပေကျင်း စက်တင်ဘာ ၁၁

တရုတ်ကျေးလက်ဒေသများတွင်နေထိုင်သော လူငယ်များသည် အင်တာနက်သုံးစွဲမှုများလာကြောင်း၊ ယခုနှစ် ဇွန်လကုန်အထိ တရုတ်ကျေးလက်ဒေသများရှိ လူငယ် ၃၇ ဒသမ ၄ သန်းသည် အင်တာနက်သုံးစွဲသူများ ဖြစ်လာကြောင်း တရုတ်မီဒီယာများက စက်တင်ဘာ ၈ရက်၌ ဖော်ပြသည်။ (အပေါ်ပုံ)

သတင်းထုတ်ပြန်

အဆိုပါ အရေအတွက်တွင် ယောကျ်ား လေးဦးရေသည် ၆၂ ရာခိုင်နှုန်းခန့်ရှိကြောင်း တရုတ်အင်တာနက် သတင်း ကွန်ရက်ဌာန (စီအင်န်အင်န်အိုင်စီ)က သတင်းထုတ်ပြန်သည်။

ရယူထား

ထိုအင်တာနက် အသုံးပြုသူ အရေအတွက်မှာ စီအင်န်အင်န်အိုင်စီ သတင်း လိုင်းတစ်ခုတည်းမှ ရယူထားသော အရေအတွက် ဖြစ်သည်။

နှိုင်းယှဉ်နိုင်

ထိုကဲ့သို့ အင်တာနက်အသုံးပြုသူ အရေအတွက်သည် မြို့ပြ၌ ရှိသော အင်တာနက်အသုံးပြုသူလူငယ်အရေ အတွက် ၅၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်နိုင်ကြောင်း တရုတ်မီဒီယာ များက ဖော်ပြသည်။

အင်တာနက်သုံးစွဲ

တရုတ် ကျေးလက်ဒေသများတွင် အင်တာနက်အသုံးပြုသူ လူငယ်များ မှာ အသက် ၃၀ အောက် လူငယ်များ ဖြစ်ပြီး ၈၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

(အင်တာနက်)

ဘင်္ဂလားဒေ့ရှ် ရေဘေးဒုက္ခသည်များအား အင်ဒိုနီးရှားငွေလှူဒါန်း

ဒါကာ စက်တင်ဘာ ၁၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရေဘေးဒုက္ခကြုံတွေ့နေရသော ဒေသခံပြည်သူများအား အင်ဒိုနီးရှားနိုင်ငံက အလှူငွေအမေရိကန်ဒေါ်လာတစ်သိန်း ကူညီပေးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်မီဒီယာများက စက်တင်ဘာ ၉ ရက်၌ ဖော်ပြသည်။

အဆိုပါအလှူငွေများကို ဒါကာမြို့ရှိ အင်ဒိုနီးရှားသံရုံးမှ သံအမတ်ဝါမက် ဟာဆန်ဆာပူထရာက ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးရာ အကြံပေးအရာရှိ ဒေါက်တာအစ်ဖ်တာခါအာမက်ချောဒူရီအား စက်တင်ဘာ ၉ ရက်က ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အလှူငွေရရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မကြာမီရက်များက ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည့် ပြည်သူများအား နိုင်ငံတကာမှ ငွေကြေးအလှူငွေ အမေရိကန်ဒေါ်လာ ၆၈ဒသမ၃၇သန်းကို ရရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခရိုင်ပေါင်း ၆၄ခရိုင်ရှိသည့်အနက် ခရိုင်ပေါင်း ၄၀ကျော်၌ ဒေသခံပြည်သူ ၁၆ သန်းမှာ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရပြီး လူ ၈၀၀ ကျော် သေဆုံးခဲ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂွါတီမာလာ၌ မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွား

မက္ကဆီကို စက်တင်ဘာ ၁၁

ဂွါတီမာလာနိုင်ငံတွင် စက်တင်ဘာ ၇ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဒေသခံပြည်သူ ၂၅၀၀၀ ခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း၊ ကမ်းရိုးတန်းဒေသနေ ပြည်သူများ ရေလွှမ်းမှုဒဏ်ကို ဆိုးရွားစွာ ကြုံတွေ့ခဲ့ရကြောင်း ဂွါတီမာလာ မီဒီယာများက ဖော်ပြသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဂွါတီမာလာနိုင်ငံ ပေါ်ရာတိုဘာရို့စ် အရပ်၌ မြစ်လေးမြစ်ရေလျှံခဲ့ရာ အိမ်ခြေ ၅၀၀၀ခန့် ရေလွှမ်းခံရကြောင်း သိရသည်။

ဆက်လက်ရွာသွန်းမည်

ဂွါတီမာလာနိုင်ငံတွင် နေရာဒေသအချို့၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမည်ဖြစ်ကြောင်း ဂွါတီမာလာနိုင်ငံ အမျိုးသားမိုးလေဝသနှင့်ဇလဗေဒ ဌာနက ပြောကြားသည်။

ပို့ဆောင်ပေးထား

ဒေသခံပြည်သူ ၁၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ရေဘေးဒုက္ခကြုံတွေ့နေရသူ ၂၀ ရာခိုင်နှုန်းမှာ တည်းခိုစရာနေရာများသို့ ပို့ဆောင်ပေးထားနိုင်ပြီ ဖြစ်ကြောင်း မြို့ပြကာကွယ်ရေးအရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ခြေထောက်သုံးချောင်းနှင့်ဘဲ

ခြေထောက်သုံးချောင်းနှင့် ဘဲလေးတစ်ကောင်အား တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် တန်ချန်စီရင်စုတွင်ရှိသော မွေးမြူရေးခြံတစ်ခြံ၌ မွေးဖွားလာသော ဘဲလေးတစ်ကောင်သည် ခြေထောက် သုံးချောင်း ထူးခြားစွာပါရှိကြောင်း သိရသည်။

(အင်တာနက်)

အရှည်ဆုံးငါးမန်း

အရှည်ဆုံးငါးမန်းတစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗား ပြည်နယ် ဆူရာဘာယာမြို့ အနီး ကမ်းခြေ၌ ဖမ်းမိသော ငါးမန်းတစ်ကောင်မှာ အရှည် ၄၅ ပေရှိကြောင်း သိရသည်။

(အင်တာနက်)

နီပေါ၌ မြေပြို၊ သုံးဦးသေဆုံး

ခတ္တမန္ဒူ စက်တင်ဘာ ၁၁

နီပေါနိုင်ငံ မြောက်ပိုင်း ဒေသများတွင် စက်တင်ဘာ ၈ ရက်က အဆက်မပြတ် ရွာသွန်းသော မိုးသက်မုန်တိုင်းများကြောင့် မြေပြိုမှုများ ဖြစ်ပွားကာ သုံးဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာ သတင်း၌ ဖော်ပြသည်။

ခတ္တမန္ဒူမြို့မှ ကီလိုမီတာ ၁၄၀ ကွာဝေးသော ကာ့စ်ကီခရိုင် ပို့ခ်ကာရာဒေသ ဆာရီကျေးရွာတွင် မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ မီတာ ၅၀၀ နီးပါးအမြင့်ရှိသည့် ဂါတီတောင်ပေါ်မှ မြေပြိုမှုများကြောင့် နေအိမ်၁၅လုံးမှာ မြေအောက်သို့ ရောက်ရှိခဲ့ရပြီး နေအိမ်၁၂ လုံးခန့်မှာ အနည်းငယ်ပျက်စီးခဲ့ရသည်။ ယခုနှစ် မုတ်သုံရာသီတွင် မြေပြိုမှုများကြောင့် ပြည်သူ ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး ရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆေးတက္ကသိုလ်(၂) မြတ်ဆရာကန်တော့ပွဲ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန် ဆေးတက္ကသိုလ်(၂) စတင်ဖွင့်လှစ်သည့် ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အတွင်း ကျောင်းဝင်ခဲ့သည့် အတန်းရှစ်တန်း၏ ဒုတိယအကြိမ်မြောက် စုပေါင်းမြတ်ဆရာကန်တော့ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်ကြရန်

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဒေါက်တာဦးဝင်းမြင့် ဖုန်း-၆၄၁၃၁၇၊ ဒေါက်တာဦးစိုးမင်းသိန်း(ခ)စိုးအောင် ဖုန်း-၂၉၃၉၆၃၊ ဒေါက်တာ ဦးစိုးသန်း ဖုန်း-၂၂၆၈၅၅-၂၁၅၊ ဒေါက်တာ ဦးကျော်မိုး ဖုန်း-၃၈၂၁၇၇၊ ဒေါက်တာ လူစီကျော်မြ ဖုန်း-၆၆၄၉၄၂၊ ဒေါက်တာ ခင်မောင်သန်း ဖုန်း-၆၅၀၅၃၄၊ ဒေါက်တာ သန့်လွင်မောင် ဖုန်း-၅၂၇၆၅၆ နှင့် ဒေါက်တာ အောင်ကြည်ဝင်း ဖုန်း-၀၁-၅၃၈၈၉၂ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုးလေဝသအခြေအနေ

၁၂-၉-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။



ဩဂုတ် ၂၈ ရက်က စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး စစ်ကိုင်းမြို့ တောင်ရိုးလမ်း မိုးရေကျော်၍ ပျက်စီးနေသည့်အပိုင်းအား ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ

တို့ကမ္ဘာ

သာယာလှပ

စိမ်းမြမြ

သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက်က ရှင်စောပုခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးတင်အေး (ငြိမ်း)က ထောက်ပံ့ငွေကျပ် ၆၂၆၀၀၀ ပေးအပ်စဉ်။

(ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်းမှ ကြီးမှူးလျက် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (I.B.C)၊ ပြည်လမ်း၌ စက်တင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အာဆီယံ၏ လွတ်လပ်သော ကုန်သွယ်မှုနှင့်ပတ်သက်၍ AFTA and Beyond AFTA ခေါင်းစဉ်ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ရီက ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

● *ကျော်ဖုံးမှ*

ရှေးဦးစွာ ရန်ကုန်တိုင်းရင်းဆေးရုံကြီး ဒုတိယဆေးရုံအုပ် ဒေါ်စန်းယုအောင်က **"ရန်ကုန် တိုင်းရင်းဆေးရုံကြီးတွင် အတွင်းလူနာကုဌာနအပြင် အပြင်လူနာများကိုလည်း ကုသပေး**



လျက်ရှိကြောင်း၊ အပြင်လူနာများအနေဖြင့် တစ်နေ့လျှင် ၁၀၀ ခန့် လာရောက်၍ ဆေးဝါးကုသမှုခံယူကြောင်း၊ မိမိတို့ ဆေးရုံသည် တိုင်းရင်းဆေးသက်သက်ဖြင့် အခမဲ့ကုသပေးသော ဆေးရုံဖြစ်ကြောင်း" ရှင်းပြသည်။

ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာအများစုမှာ လေငန်း လေဖြတ်ရောဂါများ၊ အရိုးအဆစ်၊ ခါးနာ ခါးကိုက်၊ အာရုံကြောညှပ်ပြီး အောက်ပိုင်းသေရောဂါများ ဖြစ်ပွားခြင်းကြောင့် လာရောက်ကုသနေသူများ ဖြစ်ကြသည်။

"လေဖြတ် လူနာများကိုတော့ ကြပ်ထုပ်ထိုး ကုသပေးခြင်း၊ အာရုံကြောများ ပြေသွားအောင် ကြပ်ထုပ်ဖြင့် အကြောများကို ပြုပြင်ပေးခြင်း၊ ဆေးလိမ်း ဆေးစည်းပေးခြင်းတို့ဖြင့် ကုသပေးပါတယ်။ လိုအပ်ပါက အပ်စိုက်ကုဌာနသို့ ၁၅ ရက် ပို့ပေးပြီး အပ်စိုက်ပါတယ်။ ဒီမှာ အများဆုံး ဆေးရုံတက်ရက်ကတော့ ၄၅ ရက်ဖြစ်ပြီး သက်သာ၍ ဆေးရုံဆင်းသူများပြားကြောင်း" ဒုတိယ ဆေးရုံအုပ်ကြီးက ဆက်လက်ရှင်းပြသည်။

အလွန်ဝမ်းသာပီတိဖြစ်

အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသနေသော တာမွေမြို့နယ် စည်ပင်သာယာ ရဲတပ်ဖွဲ့တာဝန်ခံ ဦးစိုးမြင့်(အသက် ၅၂ နှစ်) အား တွေ့ဆုံမေးမြန်းရာတွင် ဦးစိုးမြင့်က **"၎င်းသည် ၂၀၀၇ ခုနှစ် ဇူလိုင် ၁၈ ရက်က ညာဘက် တစ်ခြမ်း လေဖြတ်သွားကြောင်း၊ ဇူလိုင် ၂၁ ရက်မှစ၍ ဤတိုင်းရင်းဆေးရုံသို့ တက်ရောက် ကုသခဲ့ကြောင်း၊ ဆေးရုံမှ ဆရာ ဆရာမများ၏ ကုသမှုကြောင့် နှစ်ပတ်အတွင်း လမ်းလျှောက်နိုင်ကြောင်း၊ လက်လဲမြှောက်နိုင်လာကြောင်း၊ စကားလဲ ပြောလာနိုင်ခြင်းကြောင့် အလွန် ဝမ်းသာပီတိဖြစ်နေပါကြောင်း၊ မကြာမီ ဆေးရုံကဆင်းပြီး လုပ်ငန်းခွင်သို့ ပြန်ဝင်နိုင်တော့မည်ဖြစ်ကြောင်း"** အားပါးတရ ရှင်းပြသည်။

ရန်ကုန် တိုင်းရင်းဆေးရုံကြီးရှိ အတွင်းလူနာ ၆၀ မှ ၇၅ ရာခိုင်နှုန်းသည် လေငန်းရောဂါနှင့် အရိုးအဆစ်ဝေဒနာရှင်များဖြစ်ကြသည်။ လေငန်းရောဂါဝေဒနာရှင်များအား ကုသရာတွင် မြန်မာ့တိုင်းရင်းဆေးဖြင့် ကြပ်ထုပ်ထိုးပေးခြင်း၊ အကြောပြုပြင်ပေးခြင်း၊ လေ့ကျင့်ခန်း ပြုလုပ်ပေးခြင်းတို့ဖြင့် ကုသပေးလျက်ရှိသည်။ လိုအပ်ပါက အပ်စိုက် ကုသမှုပေးခြင်းဖြင့်လည်း ကုသပေးလျက်ရှိကြောင်း သိရသည်။

ကုသပေး

တိုင်းရင်းဆေး ဝန်ထမ်းများက လူနာများအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

ဆေးပေးခန်းတွင် ပြင်ပလူနာများအတွက် သက်ဆိုင်ရာ၏ ညွှန်ကြားချက်ဖြင့် ဆေးဝါးများ ဤသို့ ဖြန့်ဝေပေးသည်။

ညာဘက်တစ်ခြမ်း လေဖြတ်သွား၍ တိုင်းရင်းဆေးရုံသို့ တက်ရောက်ကုသရာမှ ဆရာ ဆရာမများ၏ ကုသမှုကြောင့် ရောဂါသက်သာလာ။ ဦးစိုးမြင့် တာမွေမြို့နယ်။

ရောဂါသက်သာလာ

အမျိုးသမီးလူနာဆောင်၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေသော သဃ်န်းကျွန်းမြို့နယ်ကြီးပွားရေးရပ်ကွက်မှ ဒေါ်မိမိငယ် (အသက် ၃၉ နှစ်)အား တွေ့ဆုံမေးမြန်းရာတွင် **"မိမိသည် လွန်ခဲ့သောခြောက်နှစ်ခန့်ကစ၍ ဇက်အရိုးအဆစ်ခိုင်ရောဂါဖြင့် လှုပ်ရှားရခက်ခဲသော ဝေဒနာခံစားခဲ့ရကြောင်း၊ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၂ ရက်မှစ၍ တိုင်းရင်းဆေးရုံကြီးသို့ လာရောက်ကုသမှုခံယူခဲ့ကြောင်း၊ ကြပ်ထုပ်ထိုးခြင်း၊ အကြောပြင်ခြင်းတို့ဖြင့် ကုသပေးမှုကြောင့် ယခုအခါ အနည်းငယ် လှုပ်ရှားလာနိုင်ပြီဖြစ်ကြောင်း၊ အချိန်တို**

လွန်ခဲ့သော ခြောက်နှစ်ခန့်ကစ၍ ဇက်အရိုးအဆစ်ခိုင်ရောဂါရ၍ ဆေးရုံတက်ရောက်ကုသမှု ခံယူခဲ့သဖြင့် အချိန်တိုအတွင်း ရောဂါသက်သာလာ၍ အထူးပင် ကျေးဇူးတင်။ ဒေါ်မိမိငယ် သဃ်န်းကျွန်းမြို့နယ်။

အတွင်း ရောဂါသက်သာလာ၍ တိုင်းရင်းဆေးရုံကြီးနှင့် ဆရာ ဆရာမများအား အထူးပင်ကျေးဇူးတင်ပါကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

အနာပေါက်ရောဂါကု ဌာနတွင် လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ အထွေထွေအနာမျိုးစုံ၊ ဆီးချိုကြောင့်ဖြစ်သော အနာနှင့် ကင်ဆာကြောင့်ဖြစ်သော အနာများကိုတော့ ဆေးပေး၊ ဆေးလိမ်းခြင်း၊ လိုအပ်ပါက ဆေးမှိုင်းခံခြင်းတို့ဖြင့် ကုသပေးလျက်ရှိကြောင်း တွေ့ရသည်။

မီးယပ်နှင့် သူငယ်နာရောဂါကုဌာနတွင် အမျိုးသမီးများတွင် ဖြစ်တတ်သော မီးယပ်ရောဂါမှန်သမျှ ကုသပေးပြီး ကလေးငယ်များတွင် ဖြစ်ပွားသော မွေးကင်းစ မသန်စွမ်းသော ကလေးငယ်များ၊ အကြောသေနေသောကလေးငယ်များကို တိုင်းရင်းဆေးမျိုးစုံဖြင့် ကုသပေးလျက်ရှိကြောင်း တွေ့မြင်ခဲ့ရသည်။

အပ်စိုက်ကုသပေး

အပ်စိုက်ကုဌာန၌ အပ်စိုက်ကုသရန် လိုအပ်သော အကြောရောဂါဝေဒနာရှင်များကို အပ်စိုက် ကုသလျက်ရှိသည်။ ထိုသို့ကုသရာတွင်လည်း ပြင်ပလူနာဖြစ်ပါက တစ်ပတ်လျှင် နှစ်ရက်ဖြစ်ပြီး အတွင်းလူနာဖြစ်ပါက တစ်ပတ်လျှင် သုံးရက်နှုန်းဖြင့် အပ်စိုက်ကုသပေးလျက်ရှိသည်။

အထွေထွေရောဂါကု ဌာနတွင် အအေးမိဖျားနာခြင်း၊ အစာမကြေခြင်း၊ လေထိုးလေအောင့်ခြင်း၊ အကြောတက်ခြင်း၊ ချောင်းဆိုးခြင်း၊ ထိပ်ကပ်နာဖြစ်ခြင်း စသည့် ရောဂါများကို ကုသပေးလျက်ရှိသည်။

ထို့ပြင် အစွမ်းထက်တိုင်းရင်းဆေးအမျိုးမျိုးကို တိုင်းရင်းဆေးဝါးစက်ရုံမှ စနစ်တကျ စီမံ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်းလည်း သိရသည်။

ရန်ကုန် တိုင်းရင်းဆေးရုံကြီးသည် **တစ်မျိုးသားလုံး ကျန်းမာရေး၊ တိုင်းရင်းဆေးဖြင့် မြှင့်တင်ပေး၊ နှယ်မြက်သစ်ပင် ဆေးဖက်ဝင်၊ တိုင်းရင်းဆေးစွမ်း ထက်မြက်ဖို့၊ သုတေသန ဆောင်ရွက်စို့** ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးသက်သက်ဖြင့် တစ်ဖက်တစ်လမ်းမှ မြှင့်တင်စောင့်ရှောက်လျက်ရှိသော ဆေးရုံကြီးဖြစ်ပါကြောင်း ရေးသား ဖော်ပြအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲယှဉ်ပြိုင် ဗီယက်နမ်နှင့်မလေးရှားအသင်းတို့အနိုင်ရရှိ

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားကြသည်။

အနိုင်ရရှိ

လှိုင်ယာအားကစားလေ့ကျင့်ရေး စခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှား အသင်းတို့ယှဉ်ပြိုင်ကစားရာဗီယက်နမ် အသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိသွားသည်။

အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဖိလစ်ပိုင်အသင်းနှင့်မလေးရှားအသင်း တို့ယှဉ်ပြိုင်ကစားရာ မလေးရှားအသင်း က နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသွား သည်။

အကြိုဗိုလ်လုပွဲတက်

အုပ်စု (က)ပွဲစဉ်များ ပြီးဆုံးသွားပြီ ဖြစ်ရာ လက်ရှိချန်ပီယံ ဗီယက်နမ် အသင်းက သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မလေးရှား အသင်းက သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံးခြောက်မှတ်ဖြင့် အုပ်စုဒုတိယ ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက် သွားကြသည်။ အင်ဒိုနီးရှားအသင်းက သုံးပွဲကစား တစ်ပွဲနိုင် နှစ်ပွဲရှုံး သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား သုံးပွဲ ရှုံး အမှတ်မရဘဲ အုပ်စုအဆင့်မှပင် ထွက်သွားကြရသည်။

မလေးရှား အမျိုးသမီး ဘောလုံးအသင်း ပထမဂိုး သွင်းယူပြီးနောက် နည်းပြများနှင့်အတူ ဤသို့ ပျော်မြူးခဲ့ကြသည်။
(မြန်မာ့အလင်း)

ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲ၌ ကျော်ဦး အကြိုဗိုလ်လုပွဲစဉ်အထိတက်ရောက်

စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၅ရက်မှ၉ရက်အထိ ကျင်းပခဲ့သည့် ၂၀၀၇ ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲတွင် မြန်မာဘိလိယက်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင် ခဲ့ရာ မြန်မာ့လက်ရွေးစင် ကျော်ဦးက အကြိုဗိုလ်လုပွဲစဉ်အထိ တက်ရောက်နိုင်ခဲ့ပြီး အောင်ဆန်းဦးနှင့် နေသွေးဦးတို့က ရှုံးထွက်အဆင့်သာ တက်ရောက်နိုင်ခဲ့ကြသည်။

ရှုံးထွက်

ရှုံးထွက်အဆင့်၌ အောင်ဆန်းဦးက အက်စ်ဟော်ရှန်ဒီယာ(အိန္ဒိယ)ကို လည်းကောင်း၊ နေသွေးဦးက သာဝပ် (ထိုင်း)ကိုလည်းကောင်း ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ ကျော်ဦးသည် ရှုံးထွက်အဆင့်၌ အဇာနီ(အိန္ဒိယ)ကိုလည်းကောင်း၊ ကွာတားဖိုင်နယ်၌ ပီတာဂေးလ်ခရစ်(စင်ကာပူ)ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

အကြိုဗိုလ်လုပွဲ

အကြိုဗိုလ်လုပွဲတွင် ကျော်ဦးက ရက်ပက်ရှာ(အိန္ဒိယ)ကို ငါးပွဲပြတ် ရှုံးနိမ့်ကာ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။ ဗိုလ်လုပွဲ၌ ရက်ပက်ရှာ (အိန္ဒိယ)က ရှန်ဒီယာ(အိန္ဒိယ)ကို ခြောက်ပွဲ-လေးပွဲဖြင့်အနိုင်ရရှိပြီး ကမ္ဘာ့ဘိလိယက် ချန်ပီယံဆုရရှိသွားသည်။

အာရှအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာဒိုင်လူကြီးနှစ်ဦး တာဝန်ထမ်းဆောင်မည်

ပါကစ္စတန်နိုင်ငံ လာဟိုးလ်မြို့၌ စက်တင်ဘာ ၂၀ ရက်မှ ၃၀ရက်အထိ ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (AFC President Cup) ဘောလုံးပြိုင်ပွဲ၌ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်မှအပြည်ပြည်ဆိုင်ရာ ကွင်း လယ်ဒိုင်လူကြီး ဦးဝင်းချို (တပ် မတော်-ရေ)နှင့် အပြည်ပြည်ဆိုင်ရာ စည်းကြပ်ဒိုင်လူကြီး ဦးထွန်းရီ (ကာ ကွယ်ရေး)တို့ သွားရောက်တာဝန်ထမ်း ဆောင်ကြမည်ဖြစ်သည်။

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ဆက်သည် ၁၁ - ၉ - ၂၀၀၇

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စက်တင်ဘာ ၁၇ရက်၌ စတင်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲ ကို စက်တင်ဘာ ၁၇ ရက် ညနေ ၄နာရီမှစ၍ ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစား ကြမည်ဖြစ်သည်။

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံး ပြိုင်ပွဲတွင် ၁၂သင်းပါဝင်ယှဉ်ပြိုင်မည် ဖြစ်ရာ လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စီးပွား/ ကူးသန်း၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ပြည်ထဲရေး၊ မြို့တော်စည်ပင်၊ သစ်တော ရေးရာ၊ လယ်ယာ/ဆည်မြောင်း၊ ကမ္ဘောဇ၊ တပ်မတော်(ကြည်း)နှင့် Royal Eleven အသင်းတို့ ဖြစ်ကြ သည်။

ပွဲဦးထွက်အဖြစ် စက်တင်ဘာ ၁၇ ရက်တွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/ အခွန်အသင်းနှင့် ပထမတန်းမှ တက် လာသော တပ်မတော်(ကြည်း)အသင်း တို့ ယှဉ်ပြိုင် ကစားကြရမည်ဖြစ် သည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေချီးမြှင့်

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ထိုင်းအသင်းကို အနိုင်ရပြီး အုပ်စု ပထမဖြင့် အကြိုဗိုလ်လုပွဲသို့တက် ရောက်နိုင်ခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းအား ပွဲအပြီးတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ငွေကျပ်၁၀သိန်း၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ငွေကျပ် ၁၀သိန်း၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ်၁၂သိန်း၊ CBဘဏ်လီမိတက် က ငွေကျပ်၁၀သိန်း ပေးအပ်ချီးမြှင့် ခဲ့သည်။

အာဆီယံအမျိုးသမီးဘောလုံးနည်းပြ သင်တန်းဆင်း

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF) တို့ ပူးပေါင်းဖွင့်လှစ်သည့် အာဆီယံ အမျိုးသမီးဘောလုံးနည်းပြသင်တန်း (AFF Women's Football Introductory Coaching Course) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ၂နာရီက ရန်ကုန်မြို့ အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) Goal Hotel ၌ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်(FIFA)မှ သင်တန်း နည်းပြ Mrs. Monika Staab အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ် သည်။

ထို့နောက် သင်တန်းနည်းပြ Mrs. Monika Staab က နှုတ်ခွန်းဆက် စကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ အင်ဒိုနီး ရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နှစ်ဦး စီနှင့် မြန်မာနိုင်ငံမှ ၁၂ဦးစုစုပေါင်း သင်တန်းသူ၂၄ဦးတက်ရောက်ခဲ့ကြ ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၇ရက်မှ ၁၁ရက်အထိ ဖြစ်သည်။

အာရှကလပ်များဘောလုံးပွဲ မြန်မာဒိုင် ကြီးကြပ်တာဝန်ကျ

ဟောင်ကောင်၌ စက်တင်ဘာ ၁၈ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဟောင်ကောင်ကလပ် Connoy Sun Heiနှင့် ဂျော်ဒန်ကလပ် AL Wihdat တို့၏ အာရှကလပ်များဘောလုံးပြိုင်ပွဲ (AFC Cup)ကွာတားဖိုင်နယ်ပွဲစဉ်၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင် ကော်မတီဥက္ကဋ္ဌ ဦးထွန်းလှအောင်က ဒိုင်ကြီးကြပ်သူအဖြစ် သွားရောက် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းအလေးမပြိုင်ပွဲဆုချီးမြှင့်

(၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားအလေးမပြိုင်ပွဲနှင့် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးအလေးမပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၉ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အကောင်းဆုံးဆု

ပြည်နယ်နှင့်တိုင်း အမျိုးသား တံခွန်စိုက် အလေးမပြိုင်ပွဲ၏ အကောင်းဆုံး အမျိုးသမီးအလေးမ အားကစားသမားဆုကို အေးသန္တာလွင်(ရန်ကုန်တိုင်း)က လည်းကောင်း၊ အကောင်းဆုံး အမျိုးသားအလေးမ အားကစားသမားဆုကို ကျော်မိုးဝင်း (ရန်ကုန်တိုင်း)ကလည်းကောင်း ရရှိသည်။

ဆုများအသီးသီးရရှိ

(၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားအလေးမပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းအသင်း၊ ဒုတိယ မန္တလေးတိုင်းအသင်း၊ တတိယ မကွေး တိုင်းတို့က ရရှိသည်။ (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးအလေးမ ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းအသင်း၊ ဒုတိယမကွေးတိုင်း၊ တတိယ ပဲခူးတိုင်းတို့ ရရှိကြသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❖ **ရုရှားနိုင်ငံမြောက်ပိုင်း ပလီဆက်ဒုံးပျံလွှတ်တင် ရေးစခန်းမှနေ၍ စက်တင်ဘာ ၁၁ရက်က ကော့စ်မော့ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားသည့် ရုရှားဒုံးပျံတစ်စင်းကို အာကာသသို့အောင်မြင်စွာ လွှတ်တင်လိုက် ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန် သည်။** (ဝဲပုံ)

❖ *မက္ကဆီကိုနိုင်ငံအလယ်ပိုင်း တိုလူကာမြို့အနီး တွင် စက်တင်ဘာ၁၁ရက်က ခရီးသည်တင် မော်တော်ယာဉ်တစ်စီး လျှိုမြောင်တစ်ခုအတွင်း ထိုးကျသွားခဲ့ရာ ကိုးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

❖ **ယူဂန္ဒာနိုင်ငံမြောက်ပိုင်း ဒေသများတွင် စက်တင် ဘာ ၁၁ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်း ခဲ့ရာ ရေလွှမ်းမှုများဖြစ်ပွားပြီး ခြောက်ဦးသေဆုံး ကာ ထောင်ပေါင်းများစွာသော ဒေသခံပြည်သူ များ ရေဘေးဒုက္ခ ကြုံတွေ့လျက်ရှိကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။**

❖ *အီတလီနိုင်ငံ မြောက်ပိုင်း လီကိုမြို့အနီး ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း စက်တင်ဘာ၁၁ရက်က ယာဉ်တိုက်မှု ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး မီးခိုးများမွန်းကျပ်မှုကြောင့် လူ၁၅၀ခန့် ဆေးရုံသို့အမြန်တင်ပို့ပေးလိုက်ရကြောင်း အီတလီမီဒီယာများက ဖော်ပြသည်။*

❖ **ဂါဇာကမ်းမြောင်ဒေသမှ တစ်ကီလိုမီတာအကွာခန့်ရှိ အစ္စရေးစစ်လေ့ကျင့်ရေးအခြေစိုက်စခန်းတွင် စက်တင်ဘာ ၁၁ရက်က အစ္စရေးတပ်ဖွဲ့ဝင်များအိပ်နေချိန်၌ ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်ခံရသဖြင့် အစ္စရေးတပ်ဖွဲ့ဝင်၄၀ ဒဏ်ရာရရှိသွားကြောင်း၊ တစ်ချိန်တည်း၌ ဒဏ်ရာရရှိသောအစ္စရေးတပ်ဖွဲ့ဝင် အရေအတွက်အများဆုံးပင်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်သည်။**

❖ *ရုရှားနိုင်ငံ မော်စကိုမြို့လယ်၌ စက်တင်ဘာ၁၀ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာအများအပြားရရှိသွား ကြောင်း၊ အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုဖြစ်ကြောင်း မော်စကိုရဲတပ်ဖွဲ့က ပြောကြားသည်။*

❖ **တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ တောင်ဘက်တွင် စက်တင်ဘာ၁၀ရက်က ခရီးသည်တင် မော်တော်ကား တစ်စီး တိမ်းမှောက်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ *ခရီးသည် ၁၆၄ဦး တင်ဆောင်ထားသည့်တာ့ခ်မင်နစ္စတန်လေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်း စက်တင်ဘာ၁၀ရက်က အိန္ဒိယ နိုင်ငံမြောက်ပိုင်း ရာဂျာဆန်စီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်အတက်၌ ကွန်ကရစ်တုံးတစ်ခု နှင့် တိုက်မိခဲ့ရာ ခရီးသည် အများ အပြား ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယအာဏာပိုင်များက ပြောကြားသည်။* **(ယာပုံ)**

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ဂျာမနီကို အာဂျင်တီးနားတို့ ၁၁ ဂိုးရှုံးနိမ့် ၂၀၀၇ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ တရုတ်၌ကျင်းပ

ကိုးကားတင်ပြသူ – မောင်မောင်မြင့်ဆွေ

ပေကျင်း စက်တင်ဘာ ၁၁

၂၀၀၇ ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေပြီ ဖြစ်ပါတယ်။ စက်တင်ဘာ ၁၀ရက်က စတင်ကျင်းပခဲ့တဲ့ ၂၀၀၇ ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်မှာ ဂျာမနီက အာဂျင်တီးနားကို ၁၁ ဂိုးပြတ် သွင်းပြီး အနိုင်ယူလိုက်တာကြောင့် ကမ္ဘာ့ဘောလုံးပရိသတ်တွေ အံ့အားသင့်သွားခဲ့ကြ ပါတယ်။ ဂျာမနီနဲ့ အာဂျင်တီးနားတို့ဟာ အုပ်စု (က)မှာ ဂျပန်နဲ့ အင်္ဂလန်အသင်းတွေ ပါဝင်နေတာမို့ မရဏအုပ်စု ဖြစ်နေပါတယ်။ ၂၀၀၇ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲမှာ အုပ်စုလေးစု ခွဲထားတဲ့နေရာမှာ အုပ်စု(က)ဟာ ပွဲအကျပ်ဆုံး အုပ်စုဖြစ်ပါတယ်။

ရှိန်သွားစေ

အုပ်စဉ်(ခ)မှာ မြောက်ကိုရီးယား၊ နိုင်ဂျီးရီးယား၊ ဆွီဒင်နဲ့ အမေရိကန်တို့ ပါဝင်ပြီး အုပ်စု(ဂ)မှာ ဩစတြေးလျ၊ ကနေဒါ၊ ဂါနာနဲ့ နော်ဝေတို့ ပါဝင်သလို အုပ်စု(ဃ)မှာ ဘရာဇီး၊ တရုတ်၊ ဒိန်းမတ်နဲ့ နယူးဇီလန်တို့ ပါဝင်နေပါတယ်။ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံး ပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံ ဂျာမနီအသင်းဟာ ပွဲဦးထွက်အဖွင့်ပွဲစဉ်မှာ နာမည်ကြီး အာဂျင်တီးနားအသင်းကို စံချိန်တင်ဂိုးတွေသွင်းယူပြီး လက်ရှိ ကမ္ဘာ့ဖလား ချန်ပီယံကို ကာကွယ်နိုင်စွမ်းရှိကြောင်း ပြသလိုက်တာမို့ ပြိုင်ဘက်တွေ ရှိန်သွားစေခဲ့ပြီ ဖြစ်ပါတယ်။

၂၀၀၇ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် ဂျာမနီနှင့် အာဂျင်တီးနားတို့ပွဲ၌ ဂျာမနီကွင်းလယ်ကစားသမား ဘရီဆိုနစ်ခ် (ဝဲ) **ဤသို့ ထိုးဖောက်ကစားခဲ့သည်။**

(ဓာတ်ပုံ–အင်တာနက်)

ဒီပွဲကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ဟောင်ကျူ အားကစားကွင်းမှာ စက်တင်ဘာ ၁၀ရက်က ကျင်းပခဲ့တာ ဖြစ်ပြီး အုပ်စု(က)မှာ ဂျာမနီကို ခြိမ်းခြောက်နိုင်တဲ့အသင်းလို့ ရေပန်းစားနေတဲ့ အာဂျင်တီးနားကို အံ့အားသင့်စရာ ဂိုးတွေ သွင်းယူပြနိုင်ခဲ့တာကြောင့် ကော်ရီရာ ဘောလုံး ရှင်းထုတ်ရင်း ဂိုးဝင်သွားလို့ ဂျာမနီတို့ အဖွင့်ဂိုးရရှိသွားပါတယ်။

ဂျာမနီ တိုက်စစ်မှူးတွေဖြစ်တဲ့ ဆန်ဒရာစမစ်၊ ပရင့်ဇ်၊ ဂါရီဖရက်ကတ်တို့ရဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုကို အာဂျင်တီးနား နောက်တန်းခံစစ်မှူး ဂျာမနီ အမျိုးသမီးအသင်း ဗိုလ်စွဲနိုင်တယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်ခဲ့ပါတယ်။

ဒီပွဲမှာ ဂျာမနီအသင်းက အာဂျင်တီးနားအသင်းဘက်သို့ တစ်ဖက်သတ်ဖိကစားနိုင်ခဲ့သလို ဂိုးသွင်းခွင့် အခွင့်အရေးတွေလည်း အများကြီးရရှိခဲ့ပါသည်။ ကွင်းလယ် ကစားကွက်ကို ထိန်းချုပ်ပြီး တစ်ချိန်လုံးတိုက်စစ်ဆင်ကစားနိုင်ခဲ့တာကြောင့် ပွဲချိန်၁၃မိနစ်မှာပဲ အာဂျင်တီးနားဂိုးသမား ဗာနီနာတွေဖြစ်တဲ့ ချာဗက်ဇ်၊ ကိုတီလို၊ အီဗာဂွန်ဇာလက်ဇ်နဲ့ ဘာဘစ်တာတို့ ဘယ်လိုမှ ထိန်းချုပ်ဟန့်တားလို့ မရခဲ့တာကြောင့် အာဂျင်တီးနားတို့ အဖွင့်ပွဲစဉ်မှာ ဂိုးတွေအလျှုပေးခဲ့ရတာပါပဲ။ ဒါ့အပြင် အာဂျင်တီးနား ခံစစ်မှူးတွေ အမှားအယွင်းတွေ ခုနစ်ကြိမ်လောက် လုပ်ခဲ့တာကြောင့် အခုလို ဂိုးတွေ တနင့်တပိုးပေးခဲ့ရခြင်းလည်း ဖြစ်ပါတယ်။ ဂျာမနီ အသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး ဆန်ဒရာ ဆမီဆက်က သုံးဂိုး၊ ပရင့်ဇ်က သုံးဂိုး၊ လင်ဂေါ၊ ဂါရီဖရီကတ်နဲ့ ဘီရင်ဂါတို့ကတစ်ဂိုးစီသွင်းယူခဲ့ကြပြီး အာဂျင်တီးနားဂိုးသမား ကော်ရီရာကြောင့် နှစ်ဂိုးရရှိခဲ့လို့ စုစုပေါင်း ၁၁ဂိုးအထိရရှိခဲ့ခြင်း ဖြစ်ပါတယ်။

မျက်နှာပျက်စရာ

ဂျာမနီဟာ အခုလို၁၁ဂိုးရရှိခဲ့တာမို့ ကမ္ဘာ့ဖလားအမျိုးသမီး ဘောလုံးပြိုင်ပွဲသမိုင်းမှာတော့ ဂိုးပြတ်သွင်းနိုင်မှု အများဆုံး အသင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို၁၁ဂိုး ပေးခဲ့ရတဲ့အတွက် ကမ္ဘာ့ဘောလုံး အင်အားကြီး နိုင်ငံဖြစ်တဲ့ အာဂျင်တီးနားတို့အတွက်ကတော့ မျက်နှာပျက်စရာ ဖြစ်ခဲ့ရပါတယ်။

မျှော်မှန်း

တရုတ်နိုင်ငံမြို့ကြီးငါးမြို့မှာ ခွဲပြီး စက်တင်ဘာ ၁၀ရက်က စတင်ကျင်းပနေပြီဖြစ်တဲ့ ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲမှာ အိမ်ရှင်တရုတ်အသင်းဟာ ဆွီဒင်နည်းပြမာရီကာဒိုမင်စကီလိုင်ဖောစ် ကြီးကြပ်မှုနဲ့ နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ဖို့အထိ မျှော်မှန်းထားတယ်လို့ ဆိုနေပါတယ်။

ရေပန်းစား

ဒါပေမယ့် ၂၀၀၇ ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲမှာ အမေရိကန်အသင်းကလည်း ကမ္ဘာ့ဖလား ရနိုင်တဲ့ အသင်းအဖြစ် ရေပန်းစားနေတာကြောင့် ဘယ်အသင်း ဖလားဆွတ်ခူးသွားမလဲဆိုတာ စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။ ။

(ကိုးကား–အင်တာနက်)

ကြိုးဝိုင်းအတွင်း ပြန်လာရန်ကြိုးစားသည့် ကလစ်ရှ်ကို ဒဏ်ရာ ရထား၍ ပြိုင်ပွဲရွှေ့ဆိုင်းလိုက်ရ

ယူကရိန်းလက်ဝှေ့ကစားသမား ကလစ်ရှ်ကို။

(ဓာတ်ပုံ–အင်တာနက်)

ကီယက် စက်တင်ဘာ ၁၁

ယူကရိန်းနိုင်ငံသား ဒဗလျူဘီစီဟဲဗီးဝိတ်ချန်ပီယံဟောင်းဗီတာလီကလစ်ရှ်ကိုသည် ကျောဒဏ်ရာရနေသဖြင့် ဂျမီးလ်မက်ကလင်းနှင့် ထိုးသတ်ရန် စီစဉ်ထားမှုကို ရွှေ့ဆိုင်းလိုက်သည်။ အသက် ၃၆ နှစ်ရှိ ကလစ်ရှ်ကိုသည် သုံးနှစ်တာလက်ဝှေ့လောကနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ပြီးနောက် စက်တင်ဘာ၂၂ရက်တွင် ပထမဆုံး အကြိမ်အဖြစ် လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် စီစဉ်ထားခဲ့သည်။ သို့ရာတွင် ကျော အရေးပေါ် ခွဲစိတ်ခဲ့ရသဖြင့် ပြိုင်ပွဲကိုရွှေ့ဆိုင်းလိုက်သည်။ ကလစ်ရှ်ကိုသည် ၂၀၀၄ခုနှစ် ဒီဇင်ဘာလက ဝေဒန်နီဝီလျံကို ရှစ်ချီ ထိုးပြီးဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာခဲ့သည်။ ၎င်းသည် ဒဏ်ရာများဆက်တိုက်ရခဲ့သဖြင့် ၂၀၀၅ခုနှစ် နိုဝင်ဘာလတွင် လက်ဝှေ့ လောကမှအနားယူးရန် ကြေညာခဲ့သည်။ ကလစ်ရှ်ကိုသည် ယခုရရှိထားသော ဒဏ်ရာကြောင့် နောက်ထပ်ခြောက်ပတ်ကြာ အနိုင်ယူရဦးမည်ဟု ဆိုသည်။ **(အင်တာနက်)**

အာရှဘောလုံးသမားများအား ဥရောပကလပ်များ၌ ကစားရန် ပတ်ဂျီဆန်တိုက်တွန်း

မန်ယူကွင်းလယ်ကစားသမား ပတ်ဂျီဆန်။

(ဓာတ်ပုံ–အင်တာနက်)

လန်ဒန် စက်တင်ဘာ ၁၁

အာရှဘောလုံးသမားများအား ဥရောပရှိ ကလပ်များသို့ ပိုမိုလာရောက် ကစားရန်လိုကြောင်း မန်ယူကွင်းလယ်ကစားသမား ပတ်ဂျီဆန်က တိုက်တွန်းလိုက်သည်။

အသက် ၂၆နှစ်ရှိ ပတ်ဂျီဆန်သည် ၂၀၀၂ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပြီးနောက် ဥရောပ ကလပ်များက ခေါ်ယူရန် စိတ်ဝင်စားခဲ့ရာ ဒတ်ချ်ကလပ် အိုင့်ဟိုဗင်အသင်းက ခေါ်ယူခဲ့သည်။

ခြေစွမ်းပြလာသော ပတ်ဂျီဆန်အား မန်ယူက ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် ခေါ်ယူစာချုပ်ခဲ့သည်။

ထိပ်တန်းပြိုင်ဘက် အသင်းများကို ယှဉ်ပြိုင်နိုင်ရန် အတွက် မိမိအနေဖြင့် အာရှကစားသမားများ ဥရောပကလပ်များသို့ လာရောက်ကစားစေလိုကြောင်း ပတ်ဂျီဆန်က ကမ္ဘာ့ဖလားဝက်ဘ်ဆိုက်သို့ ပြောကြားလိုက်သည်။

မျှော်လင့်

အာရှဘောလုံး အဆင့်အတန်းသည် တိုးတက်လာနေပြီဖြစ်ကြောင်း၊ မကြာမီ ဥရောပအဆင့်အတန်းသို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပတ်ဂျီဆန်သည် လောလောဆယ် ဒဏ်ရာရနေသည်။ ၎င်းသည် မန်ယူ၏အဓိက ကစားသမားဖြစ်လာရန် မျှော်လင့်ထားသည်။

ယုံကြည်

အာရှကစားသမားများသည် ဥရောပကလပ်များသို့ ပြောင်းရွှေ့ ကစားခြင်းဖြင့် တိုးတက်မှုများ ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်းလည်း မန်ယူနည်းပြ ဖာဂူဆန်က ယုံကြည်ထားသည်ဟု ဆိုသည်။ (အင်တာနက်)

စုစည်းတင်ပြသူ မြင့်မောင်စိုး

ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒရားယား ဂရင်းဆလမ်ဖလားများ စံချိန်တင်ရယူရန်မျှော်မှန်း



ယူအက်စ်အိုးပင်း ဖလားနှင့်အတူ အောင်ပွဲခံနေသော ဖက်ဒဲယား။ (ဓာတ်ပုံ–အင်တာနက်)

နယူးယောက် စက်တင်ဘာ ၁၁

ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယားက ၎င်းအနေဖြင့် ၁၂လုံးမြောက် ယူအက်စ်အိုးပင်း ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် စံချိန်တင်ဖလားများ ထပ်မံရယူသွားနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဝန်ခံပြောကြားလိုက်သည်။

နှစ်လုံးသာလိုတော့

အသက် ၂၆နှစ်ရှိ ဖက်ဒဲယားသည် စက်တင်ဘာ ၉ရက်က ယူအက်စ်အိုးပင်းဖလား ဗိုလ်လုပွဲတွင် ဒီဂျိုကိုဗစ်အား ၇–၆(၇–၄)၊၇–၆(၇–၂)၊ ၆–၄ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။ ၎င်းသည်ကမ္ဘာတွင် ဂရင်းဆလမ်ဖလား ၁၄လုံး ရယူနိုင်ခဲ့သည့် ပီတေးဆမ်ပရက်စ်၏ စံချိန်ကိုမီရန် ဖလား နှစ်လုံးသာလိုတော့သည်။

ပြောကြား

မိမိအနေဖြင့် ဂရင်းဆလမ်ဖလား အများအပြားရရှိနိုင်သည့် အနေအထားရှိနေကြောင်း၊ ဖလားအရေအတွက် နောက်ထပ်မည်မျှရယူမည်ကို မပြောနိုင်ကြောင်း၊ သို့ရာတွင် ပီးတေးဆမ်ပရက်စ်ထက်တော့ သာနိုင်ကြောင်း ဖက်ဒဲယားက ပြောကြားသည်။ **(အင်တာနက်)**

ချစ်ဖေဖေ ဦးသိန်းဖေ၏ နှစ်(၆၀)ပြည့် မွေးနေ့ဆုမွန်

၁၂-၉-၂၀၀၇ရက်တွင် ကျရောက်သည့် ချစ်ဖေဖေ **ဦးသိန်းဖေ**၏ နှစ်(၆၀)ပြည့် မွေးနေ့မှသည် နောင်မွေးနေ့ပေါင်းများစွာတိုင် ဇနီး၊ သားသမီး၊ မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်နိုင်ပါစေ။

ချစ်ဇနီး – ဒေါ်မြညွန့်(မင်းတပ်မြို့)
ချစ်သား – ကိုမျိုးကျော်အောင်-မဖြူဝင်းလတ်(ရန်ကုန်) ဗိုလ်ကြီးသန့်စင်မင်း (အောင်လံ)
ချစ်သမီး – ကြူကြူမြင့်၊ မယဉ်ယဉ်ကျော်နှင့် ကိုဖေယျာစိုး၊ မယဉ်ယဉ်လှိုင်၊ မယဉ်ယဉ်ထွေး(မင်းတပ်မြို့)
ချစ်မြေး – ဟိန်းထက်အောင်၊ မြတ်ထိန်လတ်ကျော်၊ မမေရှင်းသန့်ဖြူ။

မွေးနေ့ဆုမွန်

ချစ်ခင်ပွန်း **ဦးပီတာ**၏ ၁၂-၉-၂၀၀၇ရက်တွင် ရောက်ရှိလာသော (၅၈)နှစ်မြောက်မွေးနေ့မှသည် နောင်လာမည့် မွေးနေ့များစွာတိုင် မိသားစုနှင့်အတူ ယခုလက်ရှိ သာယာပျော်ရွှင်ခြင်းရဲ့ အဆပေါင်းများစွာမက စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျမ်းမာခြင်းနှင့် ပြည့်စုံနိုင်ပါစေ။

ချစ်ဇနီး – ဒေါ်ခင်အေးထွေး
သမီး – မမေသဲနွေး(G XA) ထ-၂၊ ဗဟန်း။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ရန်ကုန်မြို့၊ မြို့ဟောဝန်ရိပ်သာနေ ဦးအောင်အောင်ထက်-ဒေါ်ခိုင်ဇာကိုကြီးတို့၏ သမီးဦးရတနာအား ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁၀-၉-၂၀၀၇ရက်တွင်ဖွားမြင်ကြောင်း ကြားသိရပါ၍ ဝမ်းမြောက်ပါကြောင်းနှင့် မိခင်ရောကလေးပါ နောင်နှစ်ပေါင်းတစ်ရာကျော်တိုင် ကျန်းမာပျော်ရွှင်စွာဖြင့် လိုအင်ဆန္ဒများ ပြည့်ဝစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

မန်နေဂျာနှင့်ဝန်ထမ်းမိသားစု။

EQUAL

ရှေးဟောင်းနာရီရောင်းဝယ်ရေး

ROLEX, OMEGA, PATERPHILLIPE

နှင့်

အခြား **Swiss Made**နာရီအဟောင်း၊အသစ်များကို အထူးရောင်း၊ဝယ်ပြုပြင်ပေးပါသည်။

ဖုန်း-၃၇၅၀၄၁၊ ၀၉-၅၁-၁၂၁၂၉။

Computer Rental

(P-III, P4 with CD-ROM and Speaker)

ON CALL SERVICE- 5000KS / PC

Monitorပြုပြင်လိုပြီးသယ်ယူပို့ဆောင်ရန်အခက်အခဲရှိနေပါကဖုံးဆက်အရောက်လာရောက်လက်ခံပေးပါမည်။ ဈေးနှုန်းသက်သာရမည်။

လုပ်ငန်းခွင်အထောက်အကူပြု ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်းသင်တန်း

◆Practical A+ Course - *1 Month+Onsite* (၆ ဦးသာ)
Mon, Tue, Thur, Fri 12:00-2:00pm , 35,000 Ks, 1½ Month
သင်တန်းပြီးဆုံးပါကလုပ်ငန်းခွင်အတွေ့အကြုံအနည်းဆုံးနာရီ(၆၀) ရရှိပြီးမှအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး အမှန်တကယ်တတ်ကျွမ်းစေပါမည်။

Nawarat Computer Sales, Service, Rental & Training Center
No.(135), Bogalayzay St.,(UPPER) Botahtaung Tsp, Tel: 39 20 47, 09-516 4636, 09-51 33 220

အမည်ပြောင်း

အဖ ဦးတင်ထွန်း၏သား အထက(၆)ဗိုလ်တထောင် Grade-10(F) မှမောင်ဇွဲမင်းပိုင်အား မောင်စိုးမင်းပိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုးမင်းပိုင်။

နိုင်ငံတကာအသိအမှတ်ပြုကွန်ပျူတာဒီပလိုမာရယူလိုသူများအတွက် အခွင့်ကောင်း **International Diploma in Computer Studies (IDCS)**

Since 1986 **KMD** Computer Centre

▶ တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူများအတွက် အခြေခံမှစ၍သင်ကြားပေးမည့်သင်တန်း
▶ နိုင်ငံတကာကျောင်းများ သို့ဆက်တက်ရန်အခြေခံ ကောင်းများရရှိနိုင်မည့်သင်တန်း
▶ သင့်အတွက် **ICT** နည်းပညာနှင့်ပတ်သက်၍ အကောင်းဆုံးရွေးချယ်မှု

Commencing Date
15 Sep, 2007 (Sat-Sun)
7:00 to 3:00

၅၅၀-၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း - ၂၄၉၁၅၅၊ ၃၈၁၀၃၅၊ ၃၈၁၁၂၉

အမည်ဖြည့်စွက်ခြင်း

ပဲခူးမြို့နေ အဖ ဦးသင်းအောင်၏သား ဦးဝင်းတင် ၇/ပခန(နိုင်)၀၂၁၉၀၀အား ဦးဝင်းတင်(ခ)ဦးဝင်းကျော်ဟု ဖြည့်စွက်ခေါ်ပါရန်။

ဦးဝင်းတင်(ခ)ဦးဝင်းကျော်။

ရုံးငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတွဲဖက်တိုင်းတရားသူကြီး(၁၅)ရုံးတော်

၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၀၅

ဒေါ်နွဲ့နွဲ့အေး
အမှတ် L-၃၊ ရွှေအင်ကြင်းရိပ်မွန် သုဝဏ္ဏ၊ အောင်ဆုပန်ရပ်ကွက် ဝေဇယန္တာလမ်း၊သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့။

နှင့်

၁။ ဦးအောင်ကြည်
အမှတ် ၅၆၅၊ သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဒေါ်မြင့်မြင့်ကြည်
၃။ ဒေါ်မြမြဆွေ } အတူနေ
အမှတ် ၁၁(မြေညီ+ပထမထပ်)၊ ၁၇လမ်း၊(၁)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
၄။ ဒေါ်မြင့်မြင့်အေး
အမှတ် ၉၀၊(ပထမထပ်)၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၅။ ဒေါ်တင်တင်ဝင်း
အမှတ် ၅၉/၂၊ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၆။ ဦးသိန်းဆွေ
၇။ ဦးသိန်းဝင်း } အတူနေ
အမှတ် ၂၀၊ ဂန္ဓမာလမ်း၊ (၈)ရပ်ကွက်၊ ကမ္ဘာအေး၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၈။ ဦးအောင်ကျော်ဝင်း
အမှတ် ၁၁(မြေညီ-ပထမထပ်) ၁၇လမ်း၊ (၁)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

တရားလို **တရားပြိုင်များ**

အထက်အမည် ဖော်ပြပါအမှတ်(၁)၊ (၂)၊(၃)၊ (၄)၊ (၅)နှင့် (၈) တရားပြိုင်များ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုက "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" တစ်ရပ်စွဲဆိုထားပါသည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး၊ အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၀၇ခုနှစ် စက်တင်ဘာလ ၂၇ရက် (၁၃၆၉ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၉:၃၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင့်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာစေရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမရင်ဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၇ခုနှစ် စက်တင်ဘာလ ၁၁ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

နယဉ်
တွဲဖက်တိုင်းတရားသူကြီး(၁၅)
ရန်ကုန်တိုင်းတရားရုံး။

အမည်ပြောင်း

အဖ ဦးဖော်ယူးဖော်ယုံ၏သား၊ မြစ်ကြီးနားမြို့ အလက(၆)၊ အဌမတန်း(D)မှ မောင်ထိန်နော်အား မောင်အောင်ဆိုင်းနော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ဆိုင်းနော်။

အမည်ပြောင်း

ဦးခွန်မြင့်အောင်၏သား ခွန်သက်မင်းအောင် နိုင်ငံသားမှတ်ပုံတင်အမှတ် ၃/လသန(နိုင်)၀၈၂၃၄၆အား ခွန်သူရိန်ထွင့်ဟု ပြောင်းလဲခေါ်ပါရန်။

ခွန်သူရိန်ထွင့်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၁၆၁၁ Toyota Corolla S / L ယာဉ်လက်ဝယ်ရှိသူ အမည် ဦးအောင်မြင့်သိန်း မှတ်ပုံတင်အမှတ် ၁၀/သတန(နိုင်)၀၀၈၀၉၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)၊ရန်ကုန်မြို့။

Y.E.S. မှ အင်္ဂလိပ်ဘာသာစကား သင်တန်းများ Since 1994

Basic Spoken English : Sep - 10,15, 17, 24
Pre-Intermediate English : Sep - 17 , 24
Basic Writing, Issues In Writing :Sep-24, 29
Grammar Foundation Course: Sep - 29
Structure & Written Expression:Sep-17,22
IELTS : October - 6, TOEFL,SAT, IE, AWC
API(4-Skills),VEC,RFC. *ကျောင်းခွဲ လုံးဝမရှိပါ။*

No.190,2nd Flr.,28th St:(Upper),Pabedan Tsp.☎ 243950

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၁-၉-၂၀၀၇

မောင်တော	၃	ဒသမ	၁၂	လက်မ
ကသာ	၂	ဒသမ	၆၇	လက်မ
မချမ်းဘော	၂	ဒသမ	၁၃	လက်မ
ထားဝယ်	၁	ဒသမ	၈၁	လက်မ
မော်လမြိုင်	၁	ဒသမ	၇၃	လက်မ
ကျောက်တော်	၁	ဒသမ	၆၁	လက်မ
စစ်တွေ	၁	ဒသမ	၆၁	လက်မ

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးမူနီးရန်ဒီ၏သား မြို့ပြအင်ဂျင်နီယာဌာနမှ လက်မှုကျွမ်းကျင်(၅) ဦးပြည်တော်သာအား ဦးပြည်တော်သာ(ခ)ဦးဘီရီယာ HGU-၀၂၅၀၁၇ဟု ဖြည့်စွက်ခေါ်ပါရန်။

ဦးပြည်တော်သာ(ခ)ဦးဘီရီယာ။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

သံဖြူဇရပ်မြို့နယ်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းစီမံချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့က သံဖြူဇရပ်မြို့ ကျောင်းပိုင်းရပ်ကွက်တွင် ခြင်ဆေးဖျန်းခြင်း ဖုံးသွန်လဲစစ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်း

ရန်ကုန် စက်တင်ဘာ ၁၁

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ရန်အတွက် စက်တင်ဘာ ၁ ရက်က အမှုဆောင်အရာရှိ ဦးရဲထွဋ်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးကျော့မောင်မောင်တို့က သွပ်နန်းကျေးရွာနှင့်တပ်ကုန်းကျေးရွာ စက်ရေတွင်းတို့ကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး ကျန်းမာရေး အသိပညာပေးဟောပြော၊ အခမဲ့ဆေးဝါးကုသ

ပုသိမ် စက်တင်ဘာ ၅

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ကျန်းမာရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ်၁၂ရက်က ပုသိမ်မြို့ အမှတ်(၉)ရပ်ကွက်၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သန်းသန်းနွဲ့က အမှာစကား ပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ရီရီအောင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ကာကွယ်ရေး

ထို့နောက် တိုင်းပြည်သူ့ဆေးရုံမှ ကလေးအထူးကု ဆရာဝန်ဒေါက်တာယုယုဌေးက ကလေးများတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်း၊ မီးယပ်နှင့် သားဖွားဆရာဝန် ဒေါက်တာနွယ်မာထွန်းက အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း၊ အထွေထွေရောဂါအထူးကု ဆရာဝန်ဒေါက်တာညိုညိုဝါက မိုးရာသီတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်းနှင့် တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်သန်းဝင်းက ငှက်ဖျားရောဂါကာကွယ်ရေး ရောဂါများအကြောင်းတို့ကို ဟောပြောကြသည်။**(ယာပုံ)**

အားပေး

အခမ်းအနားအပြီးတွင် အထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့သည် ဆေးဝါးကုသမှုခံယူရန်အတွက် လာရောက်ကြသည့် ကလေးဝေဒနာရှင် ၁၂၅ ဦး၊ အမျိုးသမီးရောဂါသည် ၇၅ ဦး၊ အထွေထွေရောဂါသည် ၂၁၈ ဦး စုစုပေါင်း ၄၁၈ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးခဲ့ပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များက လူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးခဲ့ကြသည်။

(တိုင်းအမျိုးသမီးရေးရာ)

မြို့နယ် သတင်းများ

သံဃာ့ဒါနဆွမ်းလောင်းလှူပွဲနှင့် စာရေးတံမဲဆက်ကပ်

တောင်တွင်းကြီး စက်တင်ဘာ ၃

မကွေးတိုင်း တောင်တွင်းကြီးမြို့ ရွှေကြာအင်း ၁ ရပ်ကွက်အတွင်းရှိ သမိုင်းဝင်မြို့ဦး တရကောစေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် တန်ဆောင်းတွင် မြို့ပေါ်ရှိ သံဃာတော်အပါး ၈၁၀တို့အား ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက သံဃာ့ဒါနဆွမ်းလောင်းလှူကြသည်။

အဆိုပါ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲနှင့် စာရေးတံမဲဆက်ကပ်ပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့်ဆွမ်းလောင်းပွဲဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်း၍ လောင်းလှူကြသည်။

ယင်းဆွမ်းလောင်းလှူပွဲနှင့် စာရေးတံမဲ ဆက်ကပ်ပွဲတွင် သံဃာတော်အပါး ၈၁၀ အား ဗလာမပါစာရေးတံမဲများ စုစုပေါင်း ဝတ္ထုငွေကျပ် ၁၀သိန်းဖိုး ဆက်ကပ်ခဲ့ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ ယင်းမာပင်၌ ကျင်းပ

ယင်းမာပင် စက်တင်ဘာ ၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ စုပေါင်း၍ ပင့်သံဃာ ၁၅ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဇနီးဒေါ်ရီရီပြုံး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ အတွင်းရေးမှူး ဆရာတော် ဦးနာယကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ပင့်သံဃာ ၁၅ ပါးတို့အား နေ့ဆွမ်းနှင့် သင်္ကန်းပရိက္ခရာပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဩဂုတ်၁၇ရက်က လောင်းလုံးမြို့နယ် ပြည်တော်သာလမ်းနှင့် အထက ကျောင်းရှေ့တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းနိုင်ရေးနှင့် ခြင်အန္တရာယ်ကင်းဝေးရေးအတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင် အရာရှိဦးတင်အုံး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့ ယုဝတီစာကြည့်တိုက်သို့ စာအုပ်၊ ပရိဘောဂနှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း

ကျိုက်ထို ဩဂုတ် ၂၀

ကျိုက်ထိုမြို့နယ် ဘိုရားကြီးကျေးရွာ ယုဝတီစာကြည့်တိုက်သို့ စာအုပ်၊ ပရိဘောဂနှင့် ငွေပဒေသာပင်များ လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၉ရက် နံနက်၉နာရီက ကျေးရွာမဲ့ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ခရိုင်ဦးစီးအရာရှိ ဦးစိုးညွှန့်တို့က စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ရှင်းလင်းဆွေးနွေးပြီး အလှူရှင်ဦးစိန်မြင့် (ပြည်နယ်ရေနံ ရောင်းဝယ်ရေးအရာရှိ) က စာကြည့်တိုက်၏ အကျိုးကျေးဇူးများနှင့် လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစိန်မြင့်-ဒေါ်အေးအေးချစ်မိသားစုနှင့် ရေနံရောင်းဝယ်ရေးဝန်ထမ်းများက ငွေပဒေသာပင် စိုက်ထူရန်လှူဒါန်းငွေကျပ် ၄၅၀၀၀၀ ကို စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မြင့်အားလည်းကောင်း၊ ဦးစိန်မြင့်-ဒေါ်အေးအေးချစ်မိသားစုက ငွေကျပ် ၈၅၀၀၀ တန်ဖိုးရှိ မှန်ဗီရိုတစ်လုံး၊ စာအုပ်စာစောင် ၆၇၂ အုပ်ကို စာကြည့်တိုက် ကော်မတီ အတွင်းရေးမှူး ဦးမြင့်စိုးအား လည်းကောင်း ဘိုရားကြီးကျေးရွာ အမကကျောင်း စာကြည့်တိုက်အတွက် ဦးစိန်မြင့်-ဒေါ်အေးအေးချစ်မိသားစုက သုတ၊ ရသစာအုပ် ၂၁၈ အုပ်ကို ကျောင်းအုပ်ဆရာကြီး ဦးကြည်လွင် အားလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့်အဖွဲ့ ဩဂုတ် ၁၈ ရက်က တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် လက်ထောက်အင်ဂျင်နီယာဦးထွန်းကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (က-ပ)

ပြန်/ဆက် ဝန်ထမ်းများစာဖတ်ဝိုင်း ကျောက်ပန်းတောင်း၌ကျင်းပ

ကျောက်ပန်းတောင်း ဩဂုတ် ၁၂

ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဝန်ထမ်းများ စာဖတ်ဝိုင်းကို ဩဂုတ်၃ ရက် နံနက်၉နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာဖတ်ခန်းတွင် ကျင်းပရာ ခတ်ပုံကျွမ်းကျင်(၂)ဦးနေအောင်က ဩဂုတ်လထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)အမှတ် (၁၅)ပါ တက္ကသိုလ်စိုးယဉ် ရေးသားသည့် အရင်ကနှင့်မတူပြီ ဆောင်းပါးကိုလည်းကောင်း၊ စာထောက် (၃) ဦးသောင်းမြက ချစ်နိုင်(စိတ်ပညာ) ရေးသားသည့် ခေါင်းဆောင်လက်စွဲစာအုပ်အခန်း(၂)မှ ခေါင်းဆောင်အကြောင်းကိုလည်းကောင်း၊ ရုပ်/သံကျွမ်းကျင်(၃) ဦးဇော်တိုးက ဩဂုတ်လထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)အမှတ် (၁၅)မှ ဦးသန်းထွန်း(ရွှေဘို) ရေးသားသည့် ငွေကိုသုံးခြင်းနှင့်စွဲခြင်း ဆောင်းပါးကို လည်းကောင်း ဖတ်ကြားကြပြီး ဆောင်းပါးပါ အကြောင်းအရာများနှင့် ပတ်သက်၍ ဒုတိယဦးစီးမှူးဒေါ်ခင်အုန်းမြင့်က ပြန်လည် ဆွေးနွေး ရှင်းလင်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေနုတ်မြောင်းဆယ်ယူ

ဩဂုတ်၂ရက်က ဟိုပင်မြို့စည်ပင်သာယာရေးအဖွဲ့ မိုးရာသီကာလအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြဖေယျာရပ်ကွက် သရက်ချောင်း ရေနုတ်မြောင်းမကြီးနှင့် ဆက်စပ်မြောင်းသွယ်များ ဆယ်ယူခြင်းကို မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်ခွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလဆန်း ၂ ရက်
၁၃-၉-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့်ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား [ဒဂုံမြို့သစ်(မြောက်ပိုင်း)စီးပွားရေး ဖွံ့ဖြိုးမှုဇုန်ထုတ် တစ်ရှူးမျိုးစုံ အကြောင်း]

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဟိတောပဒေသာနီတိများ (ဦးဝမ်ထိန်)
(၂) ဒီနေ့ကို သင်ဘယ်လို ဖြတ်သန်းမလဲ (သဲအောင်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (မျက်နှာအကြောင်း-မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ (ချင်းသုပ်)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၇း၃၀ **၂၀၀၇ခုနှစ် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ (အကြိုဗိုလ်လုပွဲ) တိုက်ရိုက်အသံလွှင့်ခြင်း**

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) အမိုက်မလေးငှက်ငယ် (မောင်မောင်ကြီး)
(၂) ငှက်ဆိုရင်ဒီနေရာက ထပျံသွားမယ် (မြင့်မြင့်စိန်)

၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ရှိခြင်း၊ သိခြင်းအကြောင်း တရားများ)

၁၉း၄၀ ခေတ်မရွေးသောတေး
(၁) သည်နွေမိုးဆောင်း ပြောင်းသော်လည်း (မောင်မောင်ထိပ်)
(၂) ချစ်ရင်လဲပြုံးပါကွယ် (စိုးစန္ဒာထွန်း)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်သူတို့အကြောင်း (သန်းဖေလေး)
(၂) သက်ဆိုင်သူသို့ (ခင်ယုမေ)
(၃) သူတို့လို (ဂီတာကိုသာစိန်)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သာသနာ့ရက္ခိတ(၁)ဝိုင်း ဆရာတော်ဘဒ္ဒန္တ ဓောတိက၏ သြဝါဒခံယူကာ အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေ ဦးဆောင်မှုဖြင့် မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၁၀၇ဦးတို့အား ဝါတွင်းဥပုသ်နေ့တိုင်း ယဉ်ကျေးမှု သင်တန်းနှင့် ဥပုသ်စောင့်ပွဲ ကျင်းပစဉ်။ (က-ပ)

ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ တောင်ကြီးမြို့၌ ကျင်းပ
ကမ္ဘောဇသာမဏေကျော် စာဖြေသံဃာများဆွမ်းကပ်ရန် ငွေလှူဒါန်း

တောင်ကြီး စက်တင်ဘာ ၈

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ သြဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ တောင်ကြီးမြို့ အတုလမာရဇိန် မြို့လယ်ဓမ္မာရုံ၌ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲကို ကျင်းပသည်။

အခမ်းအနားသို့ တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း စုစုပေါင်း ၁၆ ကျောင်းမှ ကျောင်းသူကျောင်းသား၂၄၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲ၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရ ပြိုင်ပွဲဝင်အဖွဲ့များအား ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က လည်းကောင်း၊ အထူးဆုရပြိုင်ပွဲဝင်အဖွဲ့များအား ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လူမှုရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်နွယ်နီဝင်းကလည်းကောင်း၊ ဂုဏ်ပြုဆုရ ပြိုင်ပွဲဝင်အဖွဲ့များအား ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်နှင့် အမှုဆောင်များက လည်းကောင်း ဂုဏ်ပြုဆုငွေ ကျပ် ၄၃၀၀၀၀ကို ပေးအပ်ချီးမြှင့်သည်။

လှူဒါန်း

ဆက်လက်၍ ပြိုင်ပွဲဒိုင်အဖွဲ့ဆရာလေးများအား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများကို ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က လှူဒါန်းပြီး မြို့လယ်ဓမ္မာရုံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ္ဘောဇသာမဏေကျော် စာဖြေသံဃာတော်များ ဆွမ်းကပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က လှူဒါန်းရာ ဓမ္မာရုံဂေါပကအဖွဲ့ ဦးဇွန်ကြိုင်က လက်ခံယူကြောင်း သိရသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာဝင်းအတွင်း ခြင်ဆေးဖျန်းမှုကို ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် သြဂုတ် ၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်း မိခင်/ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေး၊ ထောက်ပံ့ငွေများပေးအပ်

မန္တလေး စက်တင်ဘာ ၅

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လစဉ်ပုံမှန်လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို သြဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ပြင်ဦးလွင်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွက်ရာသက်ပန်အသင်းဝင် ကတ်ပြားနှင့် ရင်ထိုးတံဆိပ် ၆၄၂၇ ခုကို လည်းကောင်း၊ ရမည်းသင်းမြို့နယ်မှ သုံးမြွှာပူး ကလေးငယ်များအတွက် ထောက်ပံ့ငွေကျပ်၁၈၀၀၀၀ကို လည်းကောင်း၊ ငါန်းဇွန်မြို့နယ် ကျောက်တစ်လုံးကျေးရွာမှ မသန်စွမ်းသော နဝမတန်းကျောင်းသူ တစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၆၀၀၀ ကို လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများက ခရိုင်နှင့်မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဆယ်အိမ်စုမှူးလုပ်ငန်း တာဝန်ခံ ဒေါ်ခင်စန္ဒာက ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းနှင့် နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ တိုင်းအာဟာရလုပ်ငန်းတာဝန်ခံ ဒေါ်သန္တာဘုန်းဝင်းက အာဟာရလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ တိုင်းစံပြရပ်ကွက်၊ ကျေးရွာထူထောင်ရေးလုပ်ငန်း တာဝန်ခံ ဒေါ်ခင်ရဲလတ်က စံပြရပ်ကွက်၊ ကျေးရွာထူထောင်ရေးအကြောင်းကိုလည်းကောင်း၊ တိုင်းအသင်းတွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်အောင်အောင်ငွေက ခရိုင်များ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာနှင့် သားဖွားခန်းဖွင့်လှစ်မည့် မြို့နယ်များ ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

ဇူလိုင် ၃၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အများသုံးရေကန်များကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။ (၂၆၀)

ကန္နီဥပနိဿယ မြေဇင်းတောရ ဆရာတော် ခန္ဓာဝန်ချ အထိမ်းအမှတ်ပွဲ ကျင်းပမည်

ဘုတလင် စက်တင်ဘာ ၆

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းထောင်ရွာ ယွန်းဆက်ကျောင်းတိုက် ကန္နီဥပနိဿယ မြေဇင်းတောရ ဆရာတော်ကြီး၏ ခန္ဓာဝန်ချခြင်း နှစ်ပတ်လည် အထိမ်းအမှတ် ပူဇော်ပွဲနှင့် သရီရဓာတ်တော်တိုက် ဖွင့်ပွဲအခမ်းအနားကို တော်သလင်းလဆန်း ၁၀ရက် (စက်တင်ဘာ ၂၁ရက်) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ယင်းပူဇော်ပွဲနှင့် ဓာတ်တော်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ကြည်ညိုပူဇော်လိုပါက အရှင်သောပါက (ညောင်ကန်အေး သာသနာ့ရိပ်သာ) ဖုန်း-၆၄၂၂၁၉ နှင့် ဦးထွန်းရွှေ-ဒေါ်ခင်ဌေးမြင့် ဖုန်း-၅၈၁၁၅၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြို့နယ် သတင်းများ

စစ်ကိုင်းတိုင်း ကလေးမြို့နယ် မင်းလှကျေးရွာ ရွှေဝါလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၁၅ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုနှင့် ရပ်မိရပ်ဖ ဦးဟန်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဂန့်ဂေါ၌ စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေ ပေးအပ်

ဂန့်ဂေါ စက်တင်ဘာ ၉

ဂန့်ဂေါခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့သည် စက်တင်ဘာ ၇ရက်က အဖွဲ့ဝင်များအား ထောက်ပံ့လျက်ရှိရာ ၂၀၀၇ခုနှစ်အတွင်း အသက် ၇၅နှစ်အထက် အဖွဲ့ဝင် ခုနစ်ဦး၊ မသန်စွမ်းအဖွဲ့ဝင်ငါးဦး၊ ခရိုင်အတွင်းရှိ စစ်မှုထမ်းဟောင်းများ၏ သားသမီး ကျောင်းသား ကျောင်းသူ ၁၄၀နှင့် အချိန်ပြည့် တာဝန်ထမ်းဆောင်လျက်ရှိသော စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၂၇၃)**

သြဂုတ် ၁၂ရက်က သထုံမြို့ အထက(၂)တွင် ကျင်းပသော ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မငြိမ်းအေးသွယ်အား သထုံမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးစောလွင်က ဆုချီးမြှင့်စဉ်။ (က-ပ)

ရေဦးမြို့၌ စပါးစိုက်ခင်း ငါးမျိုးစိုက်ထည့်

ရေဦး စက်တင်ဘာ ၈

ရေဦးမြို့နယ် မုတ်ခီရွာ၊ ငြတ္တံုရွာနှင့် အောင်သာရွာများရှိ စပါးစိုက်ခင်း ဧက ၁၆၀၌ ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၆ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်း၊ အတွင်းရေးမှူး ဦးစိန်လင်း၊ စိုက်ပျိုးရေးမန်နေဂျာ ဦးဆွေ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ယာယီ) အတွင်းရေးမှူး ဦးမြင့်နိုင်၊ ငါးလုပ်ငန်းတာဝန်ခံ ဦးမြင့်ဆန်းနှင့် ဌာနဆိုင်ရာများစုပေါင်း၍ ငါးကောင်ရေ ခုနစ်သောင်းငါးထောင် ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင် ဆုရပြိုင်ပွဲဝင်များ ဆုချီးမြှင့်ပွဲ မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ ဩဂုတ် ၂၁

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၀ရက် နံနက် ၉နာရီက မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာပြိုင်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းနှင့် မြို့နယ်ပညာရေးမှူး ဦးထွန်းရီတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၁ရက် ညနေ ၄နာရီက ကန်တော်မင်္ဂလာခန်းမတွင်ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့် နှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ တာဝန် ရှိသူများက ပြိုင်ပွဲအသက်အရွယ်ကဏ္ဍအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများ၊ ဒိုင်ချုပ်နှင့် ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲတွင် ပံ့ပိုးကူညီကြသည့် ပန်သစ္စာ တီးဝိုင်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကကြီးမှူး၍ မော်လမြိုင်မြို့ အထက(၂)နှင့် ရွှေမြိုင်သီရိအလက(၃) တွင် ဖွင့်လှစ်သော ၂၀၀၇-၂၀၀၈ ပညာသင်နှစ် စေတနာညကျောင်းများသို့ တက်ရောက်ပညာသင်ကြားကြသည့် ကျောင်းသားကျောင်းသူ ၃၈ဦးအား ဩဂုတ် ၃ရက်က မော်လမြိုင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သီသီရှိန်က စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းစဉ်။ (၁၆၈)

အုတ်တွင်းမြို့၌ ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေး

အုတ်တွင်း စက်တင်ဘာ ၈

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်အတွင်း ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရေးလုပ်ငန်း စတင်ခြင်း အခမ်းအနားကို စက်တင်ဘာ ၃ရက်က အုတ်တွင်းမြို့နယ် ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု ရပ်ကွက်ရုံးတွင်ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် တာဝန် ရှိသူများက ငါးနှစ်အောက်ကလေးသူငယ်၁၇၈ဦးတို့အား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဥယျာဉ်တော်ကျေးရွာအုပ်စု စုရပ်ကျောင်းသစ်ကျောင်းတွင် ငါးနှစ်အောက်ကလေးသူငယ် ၃၂၀တို့ အား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို အားပေးခဲ့ကြသည်။

အဆိုပါ အုတ်တွင်းမြို့နယ်အတွင်း အဖွဲ့ပေါင်း ၃၇ဖွဲ့တို့မှ ငါးနှစ်အောက်ကလေးသူငယ်၂၁၉၅၇ဦးတို့အား စီမံချက် ကာလ စက်တင်ဘာ ၃ရက်မှ၅ရက်အထိ ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရေးလုပ်ငန်း ဆောင်ရွက်ကြသည်။ **(၃၁၆)**

သပိတ်ကျင်းမြို့ ဇရပ်ကွင်း-အုံးဖုံးလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် အတွက် အမှုဆောင်အရာရှိ ဦးကျော်ချမ်းမြင့် ဩဂုတ်၁၉ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် သီပေါ၌ ညှိနှိုင်း

သီပေါ စက်တင်ဘာ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း ပြည်ထောင်စုလမ်းမကြီး ပေါ်ရှိ ဖွင့်လှစ်ပြီး ကျေးလက်ဒေသစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၃၀ရက် နံနက် ၁၀နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာ စကားပြောကြားပြီး မြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်များ ကိုယ်ပိုင်အဆောက်အအုံ ရရှိရေး၊ မှတ်ပုံတင်ရန်ကျန်ရှိသေးသည့် စာကြည့်တိုက်များ သတ်မှတ်ချက်နှင့် အညီ အမြန်ဆုံး မှတ်ပုံတင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျေးရွာ စာဖတ်ဝိုင်းများ အရှိန်အဟုန်မြှင့်ဆောင် ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်၊ ကျေးရွာဥက္ကဋ္ဌများနှင့် စာကြည့် တိုက်ကော်မတီဝင်များသည် ကိုယ်ပိုင် အဆောက်အအုံ ဆောက်လုပ်မည့် နမ့်အွန်၊ စံဖိတ်၊ ကျင်သီကျေးရွာများနှင့် ဆောက်လုပ်ဆဲ ဘော်ကြိုကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ် တို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီ ပေါ်လော-သံပရာကျေးရွာ ကျန်းမာရေးဌာနခွဲဖွင့်

မြဝတီ ဩဂုတ် ၂၅

မြဝတီမြို့ ပေါ်လော-သံပရာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၁၀ရက် နံနက်၁၀နာရီက ပေါ်လောကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးမင်းသိန်းနှင့် မြို့နယ်ကျန်းမာရေးဌာနမှူး ဒေါက်တာ ခင်မောင်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌက ကျေး လက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်း ပြောကြားပြီး နယ်မြေခံတပ်နယ်မှ အလှူငွေကျပ်နှစ်သိန်း၊ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသိန်းစုစုပေါင်းငွေကျပ်ခုနစ် သိန်းကိုကျေးရွာဥက္ကဋ္ဌထံပေးအပ်သည်။

ယင်းနောက် ပေါ်လော-သံပရာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ရပ်ကွက်ဥက္ကဋ္ဌက မြို့နယ်ဆရာဝန်သို့ လွှဲပြောင်းပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

မိုးစပါးစိုက်ပျိုးရန် မြေပြုပြင်၊ ပျိုးထောင်လုပ်ငန်းများ လေ့လာ

ညောင်ဦး စက်တင်ဘာ ၄

ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၂၅ရက်က ညောင်ဦးမြို့နယ် ကျောက်ကူးလျှပ်စစ်မြစ်ရေတင်ဒေသ၌ မြေနဲလေးကျေးရွာမှ တောင်သူ ၄၅ဦးသည် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်ဒေသ၌ ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါးစိုက်ပျိုးရန် မြေပြင်ခြင်း၊ ပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်မှုကို သွားရောက်လေ့လာကြသည်။

ထိုသို့ သွားရောက်လေ့လာကြသည့် တောင်သူများအား ညောင်ဦးခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်နှင့် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ခင်တို့က စပါးစိုက်ပျိုးရေးအတွက် သိမှတ်ဖွယ်ရာများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူများသည် စပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ လက်တွေ့ပြသခြင်းကို လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်ရေပေးမြောင်း ဒီအို (၃)ရှိ မြေဧရိယာ ငါးဧကအား နွား၁၀ရှဉ်းဖြင့် ကန်သင်းတင်ခြင်း၊ ဂျုတ်ဖြင့်ဆွဲ၍ မြေပြုပြင်ခြင်းတို့ကို လက်တွေ့ပြသပြီး ရေပေးမြောင်း ဒီအို(၄)အေ၌ လေ့ကား ထစ်မိုးစပါး စိုက်ပျိုးထားရှိမှုကို ပြသသည်။ ထို့အပြင် လက်တံမြောင်း ဒီဝိုင် (၂)ဝဲယာ၌ လယ်ကြားမြောင်းဖောက်လုပ်မှု ရေသွင်းယူစနစ်နှင့် သောက်သုံးရေကန်မှ ရေရရှိမှုနှင့် ရေပေးဝေမှုတို့ကို လေ့လာခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပုသိမ်မြို့ မြောင်းမြကျောင်း ပရိယတ္တိ စာသင်တိုက်အတွင်း ဖွင့်လှစ်၍ မည်သူမဆို အခမဲ့ ဆေးဝါး ကုသပေးနေသော မေတ္တာရိပ် ကျန်းမာရေး ကူညီစောင့်ရှောက်မှု အသင်း၏ ကုသိုလ်ဖြစ် အခမဲ့ ဆေးခန်းတွင် အသုံးပြုရန်အတွက် အစ္စလာမ် ဘာသာဝင်များက ECG(နှလုံးစမ်းသပ်စက်)ကိုပေး အပ်လှူဒါန်းရာ အသင်းနာယက အဖွဲ့နှင့် ဥက္ကဋ္ဌ ဦးထွန်းသန်းတို့က လက်ခံယူစဉ်။ (က-ပ)

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဩဂုတ် ၁၅ရက်က ပုဏ္ဏားကျွန်းမြို့ ဆေးရုံသွားလမ်း (မြို့ပြ) ကတ္တရာခင်းခြင်း လုပ်ငန်းကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကောင်းမြတ်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟားခါး ပြန်/ဆက်ဦးစီးဌာန စာဖတ်ဝိုင်းကျင်းပ

ဟားခါး စက်တင်ဘာ ၁၀

ဟားခါးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာဖတ်ဝိုင်း အခမ်းအနားကိုစက်တင်ဘာ ၇ရက်နံနက်၁၁နာရီကမြို့နယ် ရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးတင်အောင်ညွန့်က အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ် ဦးစီးမှူး ဒေါ်ပုမ်ခန့်နွမ်း၊ စာကြည့်တိုက် လက်ထောက် (၃) ဒေါ်တိတ်နောန်းနှင့် ရပ်/သံ ကျွမ်းကျင် (၃) ဦးရှိန်းတမ်တို့က မြန်မာ့အလင်းသတင်းစာပါ ၈၈ ရဲဘော်ဟောင်းတစ်ဦး၏ မင်းကိုနိုင်-ကြိုးမဲ့လေတံခွန်သို့မဟုတ် တိုင်းပြည်အန္တရာယ် ဆောင်းပါးများကို ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးတင်အောင်ညွန့်က ဝန်ထမ်းများ ခံယူအပ်သည့် သဘောထားနှင့် အနာဂတ်နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရမည့် အချက်အလက်များကို မှာကြားသည်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန (ရုံးချုပ်)
နေပြည်တော်
ကြော်ငြာစာအမှတ် (၂/၂၀၀၇)
(၂၀၀၇ခုနှစ် စက်တင်ဘာ ၁၀ရက်)

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၃၉၀၀၀-၁၀၀၀-၄၄၀၀၀) ဒုတိယဦးစီးမှူး (မြို့ပြ) ကျား/မ(၂)နေရာအတွက် ရွေးချယ်ခန့်ထားနိုင်ရန် အောက်ပါအတိုင်း ရေး/ဖြေ စာမေးပွဲကျင်းပမည် ဖြစ်ပါသည်-

စဉ်	ရက်စွဲ	ဘာသာရပ်	အချိန်	နေရာ
၁။	၂၂-၉-၂၀၀၇	မြန်မာစာ	၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ	အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်
၂။	၂၂-၉-၂၀၀၇	အင်္ဂလိပ်စာ	၁၃:၀၀ နာရီမှ ၁၅:၃၀ နာရီအထိ	အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်
၃။	၂၃-၉-၂၀၀၇	အထွေထွေဗဟုသုတ	၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ	အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်

၂။ လျှောက်လွှာတင်သွင်းထားသည့် ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာအောင်လက်မှတ် မူရင်းများ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်းများယူဆောင်လျက် ၂၁-၉-၂၀၀၇ရက် ညနေ၁၆:၀၀နာရီ အချိန်နောက်ဆုံးထား၍ ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာနသို့ လာရောက်သတင်းပို့ကြရမည်ဖြစ်ပါသည်။

အထက(၂)လသာ ကျောင်းသူဟောင်းများ
အာစရိယပူဇော်ပွဲ

အထက (၂) လသာတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့်နှင့် အထက် (အငြိမ်းစား) ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ပြုလုပ်နိုင်ရန်အတွက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကျင်းပလိုပါသဖြင့် ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်ပါဝင် တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၁၅-၉-၂၀၀၇ရက် (စနေနေ့)
ကျင်းပမည့်အချိန် - ညနေ ၃:၃၀နာရီ
ကျင်းပမည့်နေရာ - မြညီလာခန်းမ၊ အထက (၂)လသာ

ပူဇော်ပွဲကျင်းပရေးကော်မတီ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။

(က)	စက်ကိရိယာနှင့်စာရေးကိရိယာပစ္စည်းများ	၂၀ မျိုး
(ခ)	လျှပ်စစ်ပစ္စည်းများ	၁၀ မျိုး
(ဂ)	Laboratory Equipment	၁ ခု
(ဃ)	Combined Desk	၂၀၀ လုံး
(င)	Counter	၁ ခု
(စ)	Reading Chair	၅၀ လုံး
(ဆ)	Submersible Pump	၁ ခု

၂။ တင်ဒါပိတ်ရက်မှာ ၁၄-၉-၂၀၀၇ ရက်၊ မွန်းတည့် ၁၂ နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့၊ မကွေးတက္ကသိုလ်
ဖုန်း-၀၆၃-၂၃၁၉၄။

ဖခင်အမည်မှန်
ပန်းတနော်မြို့နယ် အထက ဆဋ္ဌမတန်း(C)မှ မစုမွန်ကျော်နှင့် တတိယတန်း (B)မှ မမြတ်မွန်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း MUN-၁၃၂၀၉၀ ဖြစ်ပါသည်။ **ဦးတင်ဝင်း (MUN-၁၃၂၀၉၀)။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ငမိုးရိပ်သံပေါင်တံတားပြုပြင်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော သံထည်ပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	သံထည်ပစ္စည်းများ	(1) Lot

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၁-၉-၂၀၀၇ရက်(၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ၊ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ကွယ်လွန်သူ အယ်ဦးဘာရ်ချာဂရိဗာ၏
ပစ္စည်းအားရောင်းချခြင်း၊ အမည်ပြောင်းခြင်းအတွက်
အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇(၁)(၂)(က)အရ ခွင့်ပြုပါရန်
လျှောက်ထားကြောင်း အကြောင်းကြားစာ
ရန်ကုန်တိုင်း တရားရုံး
၂၀၀၇ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၃

ဦးလှရွှေ(ခ)ဟန်(စ်)ရာဂရိဗား **လျှောက်ထားသူ**

(ကွယ်လွန်သူ ဦးဘာရ်ချာဂရိဗာ၏ ကျန်ရစ်သော ပစ္စည်းများနှင့် ပတ်သက်သော အမှုအရေးတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။)

အထက်အမည်ပါ လျှောက်ထားသူအား ကွယ်လွန်သူ ဦးဘာရ်ချာဂရိဗာ၏ ကျန်ရှိသော ပစ္စည်းနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်ကို ၂၅-၇-၂၀၀၇ရက်တွင် ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် လျှောက်ထားသူမှ ၂-၁-၂၀၀၇ရက်တွင် ကွယ်လွန်သူ ဦးဘာရ်ချာဂရိဗာ၏ ကျန်ရစ်သော ပစ္စည်းအပေါ်ရောင်းချခြင်း၊ အမည်ပြောင်းခြင်း၊ စီမံခန့်ခွဲခွင့်တို့ ပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇(၁)(၂)(က)အရ လျှောက်ထားလာ၍ ၎င်းလျှောက်လွှာကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၄ရက်၊ (၁၃၆၉ခုနှစ် တော်သလင်းလဆန်း ၁၃)ရက် နံနက် ၁၀နာရီတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သော ကွယ်လွန်သူ ဦးဘာရ်ချာဂရိဗာ၏ ပစ္စည်းအရေးကိစ္စတွင် ပတ်သက်သူ မည်သူမဆို အထက်ဖော်ပြပါ ရုံးချိန်းရက်၌ ဤရုံးသို့လာရောက် ကန့်ကွက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

၂၀၀၇ခုနှစ် စက်တင်ဘာ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။ **ခင်ဆွေရီ**

တွဲဖက်တိုင်းတရားသူကြီး(၁)၊ ရန်ကုန်တိုင်းတရားရုံး။

အမည်ပြောင်း

အထက(၃)တာမွေ နဝမတန်း (င)မှ အဖ ဦးကျော်လှခိုင်၏သား မောင်ကျော်သူရိန်ထွန်းအား မောင်လင်းမြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းမြတ်အောင်။**

ကျေးဇူးတင်ရှိခြင်း

၂-၉-၂၀၀၇ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်စန်း အသက်(၆၀)၏ ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော် လည်းကောင်း၊ အားပေးနှစ်သိမ့်ကြသော မိတ်ဆွေများ၊ မိခင်ကြီး နာမကျန်းဖြစ်စဉ်က ဂရုတစိုက် ပြုစုကုသမှုပေးခဲ့ကြသော အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ဌာနမှူး(ဆေးပညာဌာန)၊ ဆရာ ဆရာမများနှင့် သူငယ်ချင်းမိတ်ဆွေများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဒေါ်မြသင်
(ဟသ်ာတ)
အသက် (၈၉)နှစ်

မော်လမြိုင်ကျွန်းနေ(ဦးမောင်ထွေး- ဒေါ်ဖွားသင်)တို့၏သမီး၊ အမှတ် ၁၈၃၊ ရွှေဝါထွန်း ၂လမ်း၊ ၃၃ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ (ဦးမောင်ရီ၊ ဟသ်ာတ)၏ ဇနီး၊ ဦးစန်းလှ- ဒေါ်တင်တင်စန်း၊ ဦးတင်ကို- ဒေါ်စန်းစန်းနွဲ့တို့၏မိခင်၊ မလင်းသန္တာအောင်၊ မောင်နောင်ကိုကိုလွင်တို့၏ အဘွားသည် ၈-၉-၂၀၀၇ရက် ညနေ၃:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၉-၂၀၀၇ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဒေါ်ရင်မေ
(အမရပူရမြို့)
အသက်(၈၅)နှစ်

မန္တလေးတိုင်း၊ အမရပူရမြို့၊ တရုပ်တန်းလမ်းနေ (ဦးသာဒင်-ဒေါ်နှစ်)တို့၏ သမီးအငယ်ဆုံး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ခြံအမှတ် ၃၁/၁၃၂၊ ဗိုလ်ချုပ်အောင်ဆန်း လမ်းနေ ဦးတင်မောင်ကြည် - ဒေါ်တင်လှ၊ ဒေါ်လှလှတင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးညွန့်ဝင်း-ဒေါ်ကေသီ၊ ဒေါ်တင်အေး၊ ဦးတင်မောင်ထွန်း- ဒေါ်တင်ညွန့်၊ တူ တူမများ၏ အဒေါ်၊ ကိုစည်သူဝင်း၊ ကိုမောင်ဝမ်းထွန်း၊ ကိုထင်ပေါ်ဝင်း၊ မြေး မြစ်များ၏ အဘွားလေးသည် ၈-၉-၂၀၀၇ရက် (စနေနေ့) ည၁၀း၁၀နာရီတွင် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၀၇ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုး မိတ်ဆွေများအား အကြောင်းကြား သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၃၀၊ ၂၉၁၄၉၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ၁၀၀ိ/

(ဖတ်ရှုလိုသူများ နီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင် မှာယူနိုင်ပါသည်။)

တောင်ငူခရိုင်အတွင်းဆောင်ရွက်ပြီးစီးသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ထုံးဘိုကြီး-သစ်ကြိမ်းလမ်းပိုင်း မိုင်တိုင်(၄/၃) ကရင်ချောင်းတံတားကြွံခိုင်မှု အခြေအနေကို ဩဂုတ်၂၂ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရေနုတ်မြောင်းတူးဖော်

မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေးအတွက် မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက် ဘုရင့်နောင်လမ်း ရေနုတ်မြောင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ တူးဖော်ဆောင်ရွက်ရာသို့ ဇူလိုင်၆ရက်က အမှုဆောင်အရာရှိ ဦးမိုးအောင် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ညောင်ကန်အေး သာသနာ့ရိပ်သာ
သတိပဋ္ဌာန်အေး အမျိုးသမီးဆောင်အတွက်ငွေလှူ

ရန်ကုန် စက်တင်ဘာ ၁၁

အင်းစိန်မြို့နယ်မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ လေးထပ် သတိပဋ္ဌာန်အေး အမျိုးသမီးဆောင်ဆောက်လုပ်ရန်အတွက်အလှူရှင်များက လှူဒါန်းလျက်ရှိရာ (၂၇)ကြိမ်မြောက် ၁၅ရက်တရားစခန်း ဒုလ္လဘရဟန်းနှင့် အမျိုးသား ယောဂီများက ငွေကျပ်၂၂၂၀၃၀၊ (၂၇)ကြိမ်မြောက် ၁၅ရက် တရားစခန်း အမျိုးသမီး ယောဂီများမှဒေါ်တင်သိန်းလှကောက်ခံရငွေကျပ် ၂၅၆၃၀၀၊ မြန်မာ့ဝိဇ္ဇာ ဒေါ်ခင်ငယ်၏ (၇၈)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးမြင့်လွင်(ငြိမ်း)အားရည်စူး၍ဒေါ်တင်မြမိသားစုကငွေကျပ်နှစ်သိန်း၊မောင်ကျော်လွင်မိုး-မဝင်းလဲ့ဖြူ မိသားစုက ငွေကျပ်နှစ်သိန်း၊ (ဦးအောင်ထွန်း)-ဒေါ်ခင်သန်း မိဘနှစ်ပါး အမှူးထား၍ မတင်မေအေး မိသားစုက ငွေကျပ် တစ်သိန်း၊ မယဉ်ယဉ်သန့် မိသားစုက ငွေကျပ်နှစ်သိန်း၊ဦးမြင့်-ဒေါ်သစ်သစ်လွင် သားကိုခင်ဇော် မွေးနေ့အလှူတော် ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဒေါ်အုန်းပွင့်မိသားစုကငွေကျပ်တစ်သိန်း၊ ဒေါ်တင်မေအေး မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအောင်ထွန်းအားရည်စူး၍ ဒေါ်ခင်သန်းမိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်တင်စိန်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအကီး (ခ) ဦးလှငွေအား ရည်စူး၍ ဒေါ်ကြင်ခမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအောင်မြင့်-ဒေါ်အေးအေးမူ မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ထွေးထွေးဆိုင် မိသားစုက ငွေကျပ်တစ်သိန်း၊ အနာပေါက် ဆရာဦးခင်မောင်တင့်-ဒေါ်အုန်းကြည်မိသားစုက ငွေကျပ်တစ်သိန်းနှစ်သောင်းနှင့် ညောင်ကန်အေး ဥပုသ်သည်အဖွဲ့ကငွေကျပ်တစ်သိန်းနှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ **(က-ပ)**

ဧရာဝတီတိုင်းဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ
တံခွန်စိုက်ဆုရ ငပုတောမြို့နယ်အသင်းအားဂုဏ်ပြု

ငပုတော စက်တင်ဘာ ၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဧရာဝတီတိုင်း ၂၆ မြို့နယ် အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိခဲ့သော ငပုတောမြို့နယ် အမျိုးသမီးပိုက်ကျော်ခြင်းအသင်း ဂုဏ်ပြုပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လွင်မောင်သိန်းက ဂုဏ်ပြု ဆုငွေကျပ်တစ်သိန်းကို အသင်းခေါင်းဆောင်အားလည်းကောင်း **(အပေါ်ပုံ)**၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာခင်က ဂုဏ်ပြုမှတ်တမ်းလွှာများကို အသင်းသားတစ်ဦးအားလည်းကောင်း၊ မြို့နယ်အတွင်းရေးမှူး ဒေါ်တင်သိန်းက အားကစားဝတ်စုံများကို အသင်းသားကိုယ်စားလှယ်တစ်ဦးအား ပေးအပ်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ပန်းတနော်၊ ကျောင်းကုန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးစစ်ဆေး ရေဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ပုသိမ်-ရန်ကုန်ကားလမ်းအတိုင်း လမ်းတံတားများအခြေအနေ၊ လမ်းတစ်လျှောက် ကျေးရွာများ၏ မိုးစပါးစိုက်ပျိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးထွက်ခွာလာရာ ပန်းတနော်မြို့သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရေယာဉ်များဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း ထွက်ခွာလာရာ ရေယာဉ်ပေါ်မှ တိုင်းမှူးအား အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်နှင့် တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းဌေးတို့က ၂၃၀ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ရန်အတွက် မြေနေရာရွေးချယ်မှုကိုလည်းကောင်း၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးနှင့်

စာမျက်နှာ ၃ ကော်လံ ၃ ❐

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ကျောင်းကုန်းမြို့နယ် ရေဘေးသင့်အိမ်ထောင်စုများအား အလှူငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ခန္တီးမြို့ စိုးရိမ်ရေမှတ် အထက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၁

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ခန္တီးမြို့၌ ၁၃၆၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် အထက် ၆ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၃၆၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

အပ်စိုက်ကုသမှုဌာနက အကြောရောဂါဝေဒနာရှင်များကို ဤသို့ကုသပေးသည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ် ထိုင်းနှင့် ဗီယက်နမ်၊ မြန်မာနှင့် မလေးရှားတို့ ယှဉ်ပြိုင်ရမည်

ရန်ကုန် စက်တင်ဘာ ၁၁

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ

အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁၃ရက်တွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ ညနေ ၃နာရီခွဲတွင် ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီးဘောလုံးအသင်း၊ ညနေ ၆ နာရီခွဲတွင် ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် မလေးရှားအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

တိုက်ရိုက်ထုတ်လွှင့်မည်

ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် မလေးရှားအမျိုးသမီးဘောလုံးအသင်းတို့၏ပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရောဂါအမျိုးမျိုးအား တိုင်းရင်းဆေးသက်သက်ဖြင့် အခမဲ့ကုသပေးနေသော ရန်ကုန်တိုင်းရင်းဆေးရုံကြီး

သတင်းဆောင်းပါး - လှစိန်၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၁

မျက်မှောက်ကာလတွင် နိုင်ငံအတော်များများသည် အနောက်တိုင်းဆေးပညာများကိုသာမက မိမိတို့နိုင်ငံ၏ ရေမြေသဘာဝဝန်းကျင်နှင့်ကိုက်ညီသည့် တိုင်းရင်းဆေးများကိုပါ ယုံကြည်စွာဖြင့် သုံးစွဲလာလျက်ရှိသည်ကို တွေ့မြင်နေရသည်။

တည်ဆောက်ဖွင့်လှစ်ပေးခဲ့

နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသား ပြည်သူများ တိုင်းရင်းဆေးဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တိုင်းရင်းဆေးရုံကြီးများကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ တိုင်းရင်းဆေးရုံကြီးများအနက် ရန်ကုန်တိုင်းရင်းဆေးရုံကြီး၌ ကုသလျက်ရှိသော ရောဂါဝေဒနာများအကြောင်း ပြည်သူများ သိရှိနိုင်စေရန် မြန်မာ့အလင်း သတင်းအဖွဲ့ သွားရောက်၍တွေ့ဆုံ မေးမြန်း ရေးသားဖော်ပြလိုက်ပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

ဝန်ထမ်းများက လူနာများအတွက် ဤသို့ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။ (မြန်မာ့အလင်း)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး